
ပိဋကသုံးပုံပါဠိတော် မြန်မာပြန်
စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ
အုပ်စု(၂).ဒီဃနိကာယ်
၃။ပါထိကဝဂ္ဂပါဠိ
ဇဟာန်း,မဟာဝိသုဒ္ဓါရုံ
အရှင်သီလဝံသာလင်္ကာရ(ရေစကြို)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ဓမ္မစေတမနအဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# **အုပ်စု (၂) သုတ္တန္တပိဋက**
# **ပါထိက ပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ အစေလကဠာရမဋ္ဌက၏ ဆောက်တည်အပ်သော အကျင့်တို့ကို ဖြေဆို၍၊ ထိုပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာ မှတ်ချက်ပြုလိုက်သော စကားများကိုလည်း ဖြေဆိုပါ။

၂။ ဆန့်ကျင်ဘက်ဖြစ်သော မင်းတို့အား စကြဝတေးမင်း၏ ဆုံးမစကားတို့ကို ဖြေဆို၍၊ လူတို့ နှစ်သောင်းသက်တမ်း, ငါးထောင်သက်တမ်းတို့၌ ဖြစ်ပေါ်လာသော တရားတို့ကိုလည်း ဖြေဆိုပါ။

၃။ လူတို့ ဆယ်နှစ်သက်တမ်း၌ ကြီးမားပြင်းထန်စွာ ဖြစ်ပေါ်လာသောအရာတို့ကို ဖြေဆို၍၊ ရဟန်း၏ အဆင်းသည် အဘယ်နည်း? ဟူသော အမေးစကားရပ်၏ အဖြေစကားရပ်ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ အမျိုးလေးပါးတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ကို ဖြေဆို၍၊ "ဘုရားသားတော်"ဟု ဆိုရမည့် ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ကမ္ဘာဦးလူတို့ မေထုန်မှုကို ပြုကြရာ၌ အခြားပုဂ္ဂိုလ်တို့က (က) ပြုကြသည့် အမူအရာ၊ (ခ) ပြောကြသည့် စကားတို့ကို ဖြေဆို၍၊ နွယ်ချိုစား၍ ပျောက်ကွယ်သွားရာ၌ ပေါ်ပေါက်လာသော စားစရာကိုလည်း မှန်ကန်ပြည့်စုံစွာ ဖြေဆိုပါ။

၆။ ပေါင်းစုရွတ်ဆိုထိုက်သော တရားတို့ကို ဖြေဆို၍၊ ထိုသို့ ပေါင်းစုရွတ်ဆိုခြင်းကြောင့် ရရှိသော အကျိုးတရားများကိုလည်း ဖြေဆိုပါ။

၇။ နိဗ္ဗာန်အကျိုးငှာ မဖြစ်သောသုခကို ငြိကပ်သောအားဖြင့် အဖန်ဖန်အားထုတ်ခြင်း (သုခလ္လိကာနုယောဂ)နှင့် နိဗ္ဗာန်အကျိုးငှာ ဖြစ်သောသုခကို ငြိကပ်သောအားဖြင့် အဖန်ဖန်အားထုတ်ခြင်း (သုခလ္လိကာနုယောဂ) တို့ကို ခွဲခြားစွာ ဖြေဆိုခဲ့ပါ။

၈။ ဗုဒ္ဓမြတ်စွာဘုရား၏ "**ဇာဝိဇယ်**" လက္ခဏာတော်သည် အဘယ်သို့သော ကောင်းမှုကံကြောင့် ဖြစ်ပေါ်ပါသနည်း, ထို "**ဇာဝိဇယ်**" လက္ခဏာတော်ကြောင့် ဗုဒ္ဓမြတ်စွာအား အဘယ်အကျိုးအာနိသင် ဖြစ်ပေါ်ပါသနည်း ဖြေဆိုခဲ့ပါ။

၉။ (က) ကောရက္ခတ္တိယ ကွယ်လွန်သောအခါ အဘယ်ဘုံရောက်ပါသနည်း-
ငရဲဘုံ? ပြိတ္တာဘုံ? အသုရကာယ်ဘုံ?။

(ခ) နိဂြောဓပရိဗ္ဗိုဇ်၏ ပရိသတ်သည် မည်မျှ ရှိပါသနည်း-
၂၅၀? ၃၀၀? ၅၀၀?

(ဂ) နိဂဏ္ဌနာဋပုတ္တတိတ္ထိဆရာသည် အဘယ်တိုင်းပြည်၌ ကွယ်လွန်ပါသနည်း-
ဝေသာလီပြည်? ဗာရာဏသီပြည်? ပါဝါပြည်?

(ဃ) ကုဝေရ နတ်မင်းကြီး၏ ဝိသာဏမင်းနေပြည်၌ ရှိသော ရေကန်သည် အဘယ်အမည်ရှိပါသနည်း-
သာလဝတီ? ဓရဏီ? ကေတုမတီ?

(င) သတ္တဝါ အနှစ်ရှစ်သောင်း သက်တမ်း၌ အဘယ်မင်း ဖြစ်ပေါ်လာပါသနည်း-
အဇိတ? ဒဠှနေမိ? သင်္ခ?

၁၀။ အောက်ပါသုတ်တို့ကို ဟောရာဌာနနှင့် မှန်ကန်စွာ တွဲစပ်ပြပါ။

(က) ဥဒုမ္ဗရိကသုတ် - သာဝတ္ထိပြည်။
(ခ) အဂ္ဂညသုတ် - သက္ကတိုင်း။
(ဂ) စက္ကဝတ္တိသုတ် - စမ္ပာပြည်။
(ဃ) ပါသာဒိကသုတ် - ရာဇဂြိုဟ်ပြည်။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

## ရန်ကုန်တိုင်းဒေသကြီး
## ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
## ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
## အုပ်စု (၂) သုတ္တန္တပိဋက
## ပါထိက ပါဠိတော် မြန်မာပြန် အဖြေမှန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

**၁။ အစေလကဋ္ဌာရမဏ္ဍက၏ အကျင့်များ**

(က) အသက်ထက်ဆုံး အဝတ်ကို မဝတ်အံ့၊ အဝတ်မဝတ်သူ ဖြစ်အံ့။
(ခ) အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မမှီဝဲအံ့။
(ဂ) အသက်ထက်ဆုံး သေ အသားတို့ဖြင့်သာ မျှတအံ့၊ ထမင်းမုန့်ကို မစားအံ့။
(ဃ) ဝေသာလီပြည်၏ အရှေ့အရပ် ဥဒေနစေတီကို လွန်၍ မသွားအံ့၊
(င) ဝေသာလီပြည်၏ တောင်အရပ် ဂေါတမကစေတီကို လွန်၍ မသွားအံ့၊
(စ) ဝေသာလီပြည်၏ အနောက်အရပ် သတ္တမ္ဗစေတီကို လွန်၍ မသွားအံ့၊
(ဆ) ဝေသာလီပြည်၏ မြောက်အရပ် ဗဟုပုတ္တစေတီကို လွန်၍ မသွားအံ့၊ ဤကား "အကျင့်များ"တည်း။
(ပါထိကမြန်မာပြန်၊၈)

**ဗုဒ္ဓမြတ်စွာ၏ မှတ်ချက်စကား**

အဝတ်မဝတ်သော ကဋ္ဌာရမဏ္ဍက တက္ကတွန်းသည် လူဝတ်ကို ဝတ်၍ ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်းမုန့်ကို စားပြီးလျှင် အလုံးစုံသော ဝေသာလီပြည်ရှိ စေတီနတ်ကွန်းတို့ကို လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလတ္တံ့။ ဤကား "မှတ်ချက် စကား" တည်း။ (ပါထိကမြန်မာပြန်၊၉)

**၂။ စကြဝတေးမင်း ဆုံးမသော တရားများ**

(က) အသက်ကို မသတ်အပ် (ခ) မပေးသည်ကို မယူအပ် (ဂ) ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်အပ်
(ဃ) မဟုတ်မမှန်သောစကားကို မပြောဆိုအပ် (င) သေရည်သေရက်ကို မသောက်အပ်
(စ) ကောက်ခံမြဲ အခွန်အတုတ်ကိုသာ ကောက်ခံကြ
ဤကား "ဆုံးမသော တရားများ"တည်း။ (ပြန်-၅၄)

လူတို့ သက်တမ်း နှစ်သောင်း၌ ဖြစ်ပေါ်သောတရားကား-
"ပိသုဏ- ကုန်းချောခြင်း" ဖြစ်ပါသည်။ (ပြန်၊၅၉)
ငါးထောင် သက်တမ်း၌ ဖြစ်ပေါ်လာသော တရားကား-
"ဖရုသဝါစာ- ကြမ်းတမ်းသော စကား
သမ္ဖပ္ပလာပ- ပြိန်ဖျင်းသော စကား" တို့ဖြစ်ပါသည်။ ။ (ပြန်၊၆၀)

**၃။ အားကြီးစွာ ဖြစ်ပေါ်လာသော တရားများ**

(က) ပြင်းထန်သော အမျက်ထွက်ခြင်း
(ခ) ပြင်းထန်သော ပျက်စီးစေလိုခြင်း
(ဂ) ပြင်းထန်သော မလိုမုန်းထားခြင်း
(ဃ) ပြင်းထန်သော သတ်လိုသည့် စိတ်ရှိခြင်း
ဤကား "အားကြီးစွာ ဖြစ်ပေါ်လာသော တရားများ" တည်း။ (ပြန်၊၆၂-၆၃)

**ရဟန်း၏ အဆင်းသည် အဘယ်နည်း မေးခွန်း၏ အဖြေကား**

ဤသာသနာတော်၌ အချို့သော ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည်ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟုရှုသည်ဖြစ်၍ နေ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။

ဤကား "ရဟန်း၏ အဆင်း" တည်း။ (ပြန်၊၆၇-၆၈)

၄။ **အမျိုးလေးပါးတွင် အမြတ်ဆုံးပုဂ္ဂိုလ်ကား**

အမျိုးလေးပါးတွင် အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ အာသဝေါတရား ကုန်ပြီး ဖြစ်၏၊ မဂ်အကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊ မဂ်ကိစ္စကို ပြုပြီး ဖြစ်၏၊ ခန္ဓာဝန်ကို ချပြီး ဖြစ်၏၊ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်၏၊ ဘဝသံယောဇဉ်ကုန်ပြီး ဖြစ်၏၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီး ဖြစ်၏။ ဤကား "အမြတ်ဆုံးပုဂ္ဂိုလ်"တည်း။ (ပြန်-၈၆)

အကြင်ပုဂ္ဂိုလ်၏ ယုံကြည်ခြင်းသည် မြတ်စွာဘုရား၌ မတုန်မလှုပ် တည်၏၊ မဂ်အမြင်ပေါ်ခြင်းကြောင့် ဖြစ်၏၊ ထိုမဂ်အမြင်ဖြင့် တည်၏၊ မြဲမြံ၏၊ ရဟန်းသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း လောက၌ တစ်စုံတစ်ယောက်သည် လှုပ်ရှားခြင်းငှာ မတတ်နိုင်။ ဤပုဂ္ဂိုလ်ကို ဘုရားသားတော်ဟု ဆိုနိုင်ပါသည်။ (ပြန်-၇၅)

၅။ **(က) ပြုကြသည့် အရာ-**

အခြားသောသူတို့သည် မြေမှုန့်ဖြင့် ပစ်ကြခြင်း၊ ပြာဖြင့် ပစ်ကြခြင်း၊ နွားချေးဖြင့် ပစ်ကြခြင်းများ ပြုလုပ်ကုန်ပါသည်။ (ပြန်၊၇၉)

**(ခ) ပြောကြသည့်စကား-**

"ညစ်သောသူ ပျက်လေလော့၊ ညစ်သောသူ ပျက်လေလော့" "သတ္တဝါ တစ်ယောက်သည် သတ္တဝါ တစ်ယောက်အား ဤသို့သော အမှုကို အဘယ်ကြောင့် ပြုကြကုန်သနည်း"။ ဤကား "ပြောကြသော စကား"တည်း။ (ပြန်၊၇၉)

**နွယ်ချိုပျောက်ပြီး ပေါ်လာသည့် စားစရာကား-**

ထင်းဖြင့် မချက်ရသော ဖွဲနုမပါသော ဖွဲမပါသော ဖြူစင်သော ကောင်းသော အနံ့ရှိသော ဆန်လုံးသာ အတီးရှိသော သလေးပင် စားစရာ- ဖြစ်ပေါ်လာ၏။ (ပြန်၊၇၈)

၆။ **ပေါင်းစုရွတ်ဆိုထိုက်သော တရားများ-**

သတိပဋ္ဌာန် (၄) ပါး၊ သမ္မပ္ပဓာန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇) ပါး၊ မဂ္ဂင် (၈) ပါး တို့ဖြစ်ပါသည်။ (ပြန်၊၁၁၈)

**ရရှိသော အကျိုးတရားကား**

ထိုသို့ပေါင်းစုရွတ်ဆိုခြင်းသည် လူအများ၏ စီးပွားအလို့ငှာ ဖြစ်၏၊ ချမ်းသာသုခအလို့ငှာ လောကကို စောင့်ရှောက်ရန် အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခအလို့ငှာ ဖြစ်ရာ၏။ (ပြန်၊၁၁၈)

ဤကား "ရရှိသော အကျိုးတရား"တည်း။

၇။ **နိဗ္ဗာန်အကျိုးငှာ မဖြစ်သော သုခလ္လိကာနုယောဂ ကား**

(က) လူမိုက်သည် သတ္တဝါကို သတ်၍ သတ်၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊

(ခ) လူမိုက်သည် မပေးသည်ကို ယူ၍ယူ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။

(ဂ) လူမိုက်သည် မဟုတ်မမှန်သော စကားကို ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။

(ဃ) လူမိုက်သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစား၏။

ဤသို့အားဖြင့် (၄) ပါးတည်း။

နိဗ္ဗာန်အကျိုးငှာ ဖြစ်သော သုခလ္လိကာနုယောဂ ကား

(က) ရဟန်းသည် အကုသိုလ်ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်းဝိတက် သုံးသပ်ခြင်းဝိစာရနှင့်တကွသော ကာမဂုဏ်တို့မှလည်းကောင်း အကုသိုလ်တို့မှလည်းကောင်း ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းပီတိ ချမ်းသာခြင်းသုခရှိသော ပထမစျာန်သို့ ရောက်၍နေ၏။

(ခ) ရဟန်းသည် ကြံစည်ခြင်းဝိတက် သုံးသပ်ခြင်း ဝိစာရတို့၏ ချုပ်ခြင်းကြောင့် ဒုတိယစျာန်သို့ ရောက်၍နေ၏။

(ဂ) ရဟန်းသည် နှစ်သက်ခြင်း ပီတိ ကင်းခြင်းကြောင့် တတိယစျာန်သို့ ရောက်၍နေ၏။

(ဃ) ရဟန်းသည် ချမ်းသာခြင်းသုခ ဆင်းရဲခြင်းဒုက္ခကို ပယ်ခြင်းကြောင့် စတုတ္ထစျာန်သို့ ရောက်၍နေ၏။

ဤသို့အားဖြင့် (၄) ပါးတည်း။ (ပြန်၊၁၂၁၊၁၂၂)

၈။ မြတ်စွာဘုရားသည် "ဧဟိဇယ် လက္ခဏာ"ကို ရရှိအောင် ရှေးလူဖြစ်စဉ်အခါက "ဤသူတို့သည် အဘယ်သို့လျှင် လျင်စွာသိကုန်အံ့နည်း၊ ဤသူတို့သည် အဘယ်သို့လျှင် လျင်စွာသိကုန်အံ့နည်း၊ ကြာမြင့်စွာ မပင်ပန်းကုန်အံ့နည်း"ဟု ကြံစည်၍ သိပ္ပအတတ်ကိုလည်းကောင်း ဝိဇ္ဇာအတတ်ကိုလည်းကောင်း အကျင့်သီလကိုလည်းကောင်း ကမ္မသကတာပညာကို လည်းကောင်း ရိုသေစွာ ပို့ချခဲ့ သင်ကြားပေးခဲ့၏။ ထိုကံကို ပြုလုပ်ခဲ့သောကြောင့် "ဧဟိဇယ် လက္ခဏာ"တော်ကို ရရှိပါသည်။ (ပြန်၊၁၄၅)

ဘုရားရှင်အား ရရှိသော အကျိုးကား

ရဟန်းတို့အား ထိုက်တန်ကုန်သော ရဟန်း၏ အစုအရုံးဖြစ်သော ရဟန်းတို့အသုံးအဆောင်ဖြစ်ကုန်သော ရဟန်းတို့အား လျောက်ပတ်ကုန်သော ပစ္စည်းပရိက္ခရာနှင့် ပရိသတ်လေးပါးတို့ လျင်စွာရခြင်း အကျိုးကို ခံစားရပါသည်။

(ပြန်၊၁၄၆)

၉။ (က) အသူရကာယ်ဘုံ
(ခ) ၃၀၀
(ဂ) ပါဝါပြည်
(ဃ) ဓရဏီ ရေကန်
(င) သင်္စကြာမင်း

| | | | |
|---|---|---|---|
| ၁၀။ (က) | ဥဒုမ္ဗရိကသုတ် | - | ရာဇဂြိုဟ်ပြည်။ |
| (ခ) | အဂ္ဂညသုတ် | - | သာဝတ္ထိပြည်။ |
| (ဂ) | စက္ကဝတ္တိသုတ် | - | မဂဓတိုင်း။ |
| (ဃ) | ပါသာဒိကသုတ် | - | သက္ကတိုင်း။ |
| (င) | ဒသုတ္တရသုတ် | - | စမ္ပာပြည်။ |

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၂) သုတ္တန္တပိဋက
ပါထိကဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေမှန်
၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၃၀. ၅. ၂၀၁၄) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ထိုအခါ နိဂြောဓပရိဗိုဇ်သည် ဥဒုမ္ဗရိကာမိဖုရား၏ ပရိဗိုဇ်အရံ၌ သုံးထောင်မျှသော များစွာသော ပရိသတ်နှင့်အတူ နေ၏။ (၂-မှတ်) (မြန်၊နှာ-၂၉။စာပိုဒ်-၄၉။)

(၁) "မင်းနှင့် စပ်သော စကား၊
(၂) ခိုးသူနှင့် စပ်သော စကား၊
(၃) အမတ်ကြီးနှင့် စပ်သော စကား၊
(၄) စစ်သည်နှင့် စပ်သော စကား၊
(၅) ကြောက်ဖွယ်နှင့် စပ်သော စကား၊

(၁) သေလွန်သူနှင့် စပ်သော စကား၊
(၂) အထွေထွေနှင့် စပ်သော စကား၊
(၃) လောက (အကြောင်း)နှင့် စပ်သော စကား၊
(၄) သမုဒ္ဒရာ (အကြောင်း) နှင့် စပ်သော စကား၊
(၅) ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကား။ (၅-မှတ်) (မြန်၊နှာ-၂၉။စာပိုဒ်-၅၀။)

(ရတနာခုနစ်ပါး)တို့ကား -

(၁) စကြာရတနာ၊

(၂) ဆင်ရတနာ၊

(၃) မြင်းရတနာ၊

(၄) ပတ္တမြားရတနာ၊

(၅) မိန်းမရတနာ၊

(၆) သူဌေးရတနာ၊

(၇) ခုနစ်ခုမြောက် သားကြီးရတနာတို့ပေတည်း။ (၃-မှတ်) (မြန်၊နှာ-၅၀။စာပိုဒ်-၈၁။)

၂။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွါးများလာ၏၊ ဆင်းရဲခြင်း ပွါးများလာသော် မပေးသော ဥစ္စာကို ခိုးယူမှု ပွါးများလာ၏၊ ခိုးယူမှု ပွါး များလာသော် လက်နက်ပွါးများလာ၏၊ လက်နက်ပွါးများလာသော် အသက်သတ်မှု ပွါးများလာ၏၊ အသက် သတ်မှု ပွါးများလာသော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်လာ၏၊ အဆင်းသည်လည်း ဆုတ်ယုတ်လာ၏၊ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော ထိုသူတို့၏ သားသမီးတို့သည် အနှစ်လေးသောင်း အသက်ရှည်ကုန်၏။

(၅-မှတ်) (မြန်၊နှာ-၅၈။စာပိုဒ်-၉၄။)

ရဟန်းတို့ ထိုအခါ ထိုသတ္တဝါတို့အား ဤသို့ အကြံဖြစ်လတ္တံ့၊ "ငါတို့သည် အကုသိုလ် တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဤသို့ သဘောရှိသော များစွာသော အဆွေအမျိုးတို့၏ ဆုံးရှုံးခြင်းသို့ ရောက်ကုန်၏၊ ငါတို့သည် ကုသိုလ်ကို ပြုကြရမူ ကောင်းလေစွ၊ အဘယ်ကုသိုလ်ကို ပြုကြရပါမည်နည်း၊ ငါတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြရမူ ကောင်းလေစွ၊ ဤကုသိုလ်တရားကို ကျင့်ကြံရမူ ကောင်းလေစွ"ဟု (အကြံဖြစ်လတ္တံ့)။ ထိုသူတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်လတ္တံ့၊ ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကုန်လတ္တံ့၊ ထိုသူတို့သည် ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် အသက်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့၊ အဆင်းအားဖြင့်လည်း တိုးပွါး ကုန်လတ္တံ့၊ အသက်အားဖြင့်လည်း တိုးပွါးကုန်သော အဆင်းအားဖြင့်လည်း တိုးပွါးကုန်သော ဆယ်နှစ် အသက်ရှည်ကုန်သော ထိုသူတို့၏ သားသမီးတို့သည် အသက်နှစ်ဆယ် ရှည်ကုန်လတ္တံ့။

(၅-မှတ်) (မြန်၊နှာ-၆၃။စာပိုဒ်-၁၀၅။)

၃။ (၁) စုန္ဒ ဤလောက၌ အချို့သော လူမိုက်သည် သတ္တဝါတို့ကို သတ်၍ သတ်၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား ရှေးဦးစွာသော ချမ်းသာခံစားခြင်း အကျင့်တည်း။

(၂) စုန္ဒ တစ်ပါးတို့လည်း ဤလောက၌ အချို့သော လူမိုက်သည် မပေးသည်ကို ယူ၍ ယူ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား နှစ်ခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

(၃) စုန္ဒ တစ်ပါးတို့လည်း ဤလောက၌ အချို့သော လူမိုက်သည် မဟုတ်မမှန်သောစကားကို ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား သုံးခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

(၄) စုန္ဒ တစ်ပါးတို့လည်း ဤလောက၌ အချို့သော လူမိုက်သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံ ပြည့်စုံစွာ ခံစား၏။ ဤသည်ကား လေးခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

(၅-မှတ်) (မြန်၊နှာ-၁၂၁။စာပိုဒ်-၁၈၃။)

စုန္ဒ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် ယုတ်ညံ့ကုန်၏၊ ရွာနေသူတို့၏ အကျင့် ဖြစ်ကုန်၏၊ ပုထုဇဉ်တို့သာ မှီဝဲအပ်ကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ မမှီဝဲအပ်ကုန်၊ အကျိုးစီးပွါးနှင့် မစပ်ကုန်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်းကင်းရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲချုပ်ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲငြိမ်းရန် မဖြစ်ကုန်၊ သစ္စာလေးပါးကို ထိုးထွင်း၍သိရန် မဖြစ်ကုန်၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ် ရရန် မဖြစ်ကုန်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန်။

(၅-မှတ်) (မြန်၊နှာ-၁၂၂။စာပိုဒ်-၁၈၃။)

၄။ (၁) ငါ့သျှင်တို့ အာသဝေါကင်းပြီးသော ရဟန်းသည် သေစေလို၍ သတ္တဝါကို ဇီဝိတိန္ဒြေမှချခြင်းငှါ မထိုက်။

(၂) အာသဝေါကင်းပြီးသော ရဟန်းသည် မပေးသည်ကို ခိုးလိုသောစိတ်ဖြင့် ခိုးယူခြင်းငှါ မထိုက်။

(၃) အာသဝေါကင်းပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်။

(၄) အာသဝေါကင်းပြီးသော ရဟန်းသည် သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းငှါ မထိုက်။

(၅) အာသဝေါကင်းပြီးသော ရဟန်းသည် ရှေးလူဖြစ်စဉ်အခါက ပြုလုပ်သကဲ့သို့ ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို စုဆောင်း သိုမှီး၍ သုံးဆောင်ခြင်းငှါ မထိုက်။

(၆) အာသဝေါကင်းပြီးသော ရဟန်းသည် ချစ်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

(၇) အာသဝေါကင်းပြီးသော ရဟန်းသည် မုန်းသဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

(၈) အာသဝေါကင်းပြီးသော ရဟန်းသည် မသိသဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

(၉) အာသဝေါကင်းပြီးသော ရဟန်းသည် ကြောက်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

(၆-မှတ်) (မြန်၊နှာ-၁၂၄။စာပိုဒ်-၁၈၆။)

(၁) ရဟန်းတို့ ဤလောက၌ ယောက်ျားမြတ်သည် အညီအညွတ် ကောင်းစွာ ထိသော ခြေဖဝါးရှိ၏၊

(၂) ယောက်ျားမြတ်၏ အောက်ခြေဖဝါးပြင်တို့၌ အကန့်တစ်ထောင် ရှိကုန်သော အကွပ်ပုံတောင်းတို့နှင့် တကွ အခြင်းအရာအလုံးစုံနှင့် ပြည့်စုံကုန်သော စက်ဝန်းတို့သည် ဖြစ် ပေါ်လျက် ရှိကုန်၏၊

(၃၁) ရဟန်းတို့ ယောက်ျားမြတ်၏ မျက်မှောင်နှစ်ခု အကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့် တူသော ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်သည် ပေါက်လျက် ရှိ၏၊

(၃၂) ဤယောက်ျားမြတ်သည် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏၊

(၄-မှတ်) (မြန်၊နှာ-၁၃၅-၆-၇။စာပိုဒ်-၂၀၀။)

၅။ (၁) ဥစ္စာဆုတ်ယုတ်ခြင်းသည် ကိုယ်တွေ့မျက်မြင် ဖြစ်ရာ၏၊

(၂) ခိုက်ရန်ဖြစ်ပွါးတတ်၏၊

(၃) အနာရောဂါ၏ အကြောင်း ဖြစ်၏၊

(၄) အရှိန်အစော်မဲ့တတ်၏၊

(၅) လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏၊

(၆) ပညာ၏ အားနည်းသည်ကို ပြုခြင်းသည် ခြောက်ခုမြောက် အကြောင်းဖြစ်၏။ သူကြွယ်သား မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။ (၅-မှတ်)(မြန်၊နှာ-၁၆၅။စာပိုဒ်-၂၄၈။)

(၁) စင်စစ် ယူသာ ယူတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊

(၂) နှုတ်မျှ ဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊

(၃) အကြိုက်ကို လိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊

(၄) ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏။

(၅-မှတ်)(မြန်၊နှာ-၁၆၈။စာပိုဒ်-၂၅၄။)

၆။ (၁) မြတ်စွာဘုရားသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟော တော်မူ၏။

(၂) မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟောတော်မူ၏။

(၃) ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟောတော်မူ၏။

(၄) မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟောတော်မူ၏။

(၅) မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟောတော်မူ၏။

(၅-မှတ်)(မြန်၊နှာ-၁၇၇-၈။စာပိုဒ်-၂၇၆။)

အာဃာနာငြိုယမည်သော ပရိတ်အရံ အတားသည် အကျိုးစီးပွါးနှင့် စပ်၏၊ အာဃာနာငြိုယမည်သော ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှါ မဆင်းရဲမပင်ပန်းခြင်းငှါ ချမ်းသာစွာ နေရခြင်းငှါ ဖြစ်၏။

(၅-မှတ်)(မြန်၊နှာ-၁၉၄။စာပိုဒ်-၂၉၅။)

၇။ ငါ့သျှင်တို့ သတ္တဝါတို့သည် သီလပျက်စီးခြင်းကြောင့်သော်လည်းကောင်း၊ အယူပျက်စီးခြင်းကြောင့်သော် လည်းကောင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ကုန်၏။

ငါ့သျှင်တို့ သတ္တဝါတို့သည် ဆွေမျိုး ပျက်စီးခြင်းကြောင့်သော်လည်းကောင်း၊ စည်းစိမ်ပျက်စီးခြင်းကြောင့်သော် လည်းကောင်း၊ အနာရောဂါဟူသော ပျက်စီးခြင်းကြောင့်သော်လည်းကောင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာဖြစ်သော ငရဲ၌ မဖြစ်ကုန်။

(၆-မှတ်)(မြန်၊နှာ-၂၁၈။စာပိုဒ်-၃၁၆။)

ငါ့သျှင်တို့ သီလနှင့် ပြည့်စုံခြင်းကြောင့်သော်လည်းကောင်း၊ အယူနှင့် ပြည့်စုံခြင်းကြောင့်သော်လည်း ကောင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ် ကုန်၏။

(၄-မှတ်)(မြန်၊နှာ-၂၁၉။စာပိုဒ်-၃၁၆။)

၈။ (၁) ငါ့သျှင်တို့ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကို ရ၏။

(၂) သီလရှိသော သီလနှင့်ပြည့်စုံသော သူ၏ ကောင်းသော ကျော်စော သတင်းသည် ပျံ့နှံ့၍ ထွက်၏။

(၃) သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုး ငယ်ဘဲ ချဉ်းကပ်ရ၏။

(၄) သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် တွေဝေခြင်းမရှိဘဲ သေရ၏။

(၅) သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။ (၅-မှတ်)(မြန်၊နှာ-၂၁၉-၂၂၀။စာပိုဒ်-၃၁၆။)

(၁) ရောက်လာသောကြောင့် အလှူကို ပေး၏၊

(၂) ကဲ့ရဲ့ခြင်းစသည်မှ ကြောက်သောကြောင့် အလှူကို ပေး၏၊

(၃) (သူသည်) "ငါ့အား ပေးဖူးသည်"ဟု အလှူ ကို ပေး၏၊

(၄) (သူသည်) "ငါ့အား ပေးလတ္တံ့"ဟု အလှူကို ပေး၏၊

(၅) "အလှူသည် သူတော်ကောင်းတို့ ချီးမွမ်းအပ်၏"ဟု အလှူကို ပေး၏၊

(၆) "ငါသည် ချက်၏၊ ဤသူတို့ကား မချက်ကုန်၊ ချက်သော ငါသည် မချက်သောသူတို့အား မပေးဘဲထားခြင်းငှါ မထိုက်"ဟု အလှူကို ပေး၏၊

(၇) "ဤအလှူပေးသော ငါ့အား ကောင်းသော ကျော်စောခြင်း သတင်းသည် ပျံ့နှံ့၍ ထွက်၏"ဟု အလှူကို ပေး၏၊

(၈) (သမထဝိပဿနာ) စိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှါ အလှူကို ပေး၏၊

(၅-မှတ်)(မြန်၊နှာ-၂၃၇။စာပိုဒ်-၃၃၆။)

၉။ (က) <u>ကင္ခာရမင္ဂလတက္ကတွန်း</u>ထံသို့ ချဉ်းကပ်ပြီးလျှင် အဝတ်မဝတ်သော ကင္ခာရမင္ဂလတက္ကတွန်းအား ပြဿနာကို မေး၏။ (၂-မှတ်)(မြန်၊နှာ-၈။စာပိုဒ်-၁၂။)

(ခ) ရာဇဂြိုဟ်ပြည် <u>ဂိဇ္ဈကုဋ်တောင်</u>၌ သီတင်းသုံးနေတော်မူစဉ် ဥဒုမ္ဗရိကသုတ်ကို ဟောတော်မူ၏။

(၂-မှတ်)(မြန်၊နှာ-၂၉။စာပိုဒ်-၄၉။)

(ဂ) ရဟန်းတို့ ဆယ်နှစ်အသက်ရှည်ကုန်သော လူတို့၌ <u>ခုနစ်ရက်ပတ်လုံး</u> သတ္ထန္တရကပ် ဆိုက်လတ္တံ့။

(၂-မှတ်)(မြန်၊နှာ-၆၃။စာပိုဒ်-၁၀၄။)

(ဃ) မြေဆီ ကို လက်ချောင်းဖြင့် (ယူ၍) လျက်သော ထိုသတ္တဝါအား (အရသာသည် <u>ခုနစ်ထောင်</u>သော အကြောတို့ကို) ပျံ့နှံ့၍ တည်၏၊ (၂-မှတ်)(မြန်၊နှာ-၇၃။စာပိုဒ်-၁၂၀။)

(င) မြတ်စွာဘုရား ဆုံးမနည်းတို့သည် <u>ဤလေးပါးတို့တည်း</u>။ (၂-မှတ်)(မြန်၊နှာ-၉၆။စာပိုဒ်-၁၅၄။)

၁၀။ (က) <u>ဘဂ္ဂဝအနွယ် ပရိဗိုဇ်</u>သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။ (၂-မှတ်)(မြန်၊နှာ-၂၈။စာပိုဒ်-၄၈။)

(ခ) <u>သန္ဓာနသူကြွယ်</u>သည်ကား ထိုခဏ၌ပင် ရာဇဂြိုဟ်ပြည်သို့ ဝင်လေသတည်း

(၂-မှတ်)(မြန်၊နှာ-၄၇။စာပိုဒ်-၇၉။)

(ဂ) <u>အသျှင်ဥပဝါဏ</u>သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။ (၂-မှတ်)(မြန်၊နှာ-၁၃၃။စာပိုဒ်-၁၉၇။)

(ဃ) <u>ရဟန်းတို့သည်</u> မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။ (၂-မှတ်)(မြန်၊နှာ-၆၉။စာပိုဒ်-၁၁၀။)

(င) <u>ဝါသေဋ္ဌနှင့် ဘာရဒွါဇ</u>တို့သည် မြတ်စွာ ဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။ (၂-မှတ်)(မြန်၊နှာ-၈၆။စာပိုဒ်-၁၄၀။)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) သုတ္တန္တပိဋက**

**ပါထိကဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေ**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၄. ၆. ၂၀၁၅) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

---

၁။ အောက်ဖော်ပြပါ နတ်ဗြဟ္မာတို့၏ စုတေရခြင်းအကြောင်းတရားတို့ကို ရေးသားဖော်ပြ၍၊ ဗြဟ္မာ့ဗိမာန်၌ ရှေးဦးစွာ ဖြစ်သူနှင့် နောက်မှ ဖြစ်သူတို့၏ မတူကွဲပြား ထူးခြားမှုများကိုလည်း ဖော်ပြခဲ့ပါ။

(က) ခိဍ္ဍာပဒေါသိကနတ်။ (ခ) မနောပဒေါသိကနတ်။ (ဂ) အသညသတ်ဗြဟ္မာ။

**ဖြေ။** (က) ခိဍ္ဍာ ပဒေါသိက နတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ် ပျော်ပါးလျက် နေကြကုန်၍ စားသောက်ရန် သတိမေ့နေကြသောကြောင့် စုတေကြရပါသည်။ **(မြန်၊နှာ၊၂၅။ စာပိုဒ်-၄၂။)**

(ခ) မနောပဒေါသိက နတ်တို့သည် အလွန်ကြာမြင့်စွာ အချင်းချင်း တစိမ့်စိမ့်ကြည့်ကြကုန်သဖြင့် အချင်းချင်း ဒေါသစိတ် ဖြစ်ကြကုန်၍ ကိုယ်စိတ်ပင်ပန်းသောကြောင့် စုတေကြရပါသည်။

မြန်၊နှာ၊၂၆။ စာပိုဒ်-၄၄

(ဂ) အသညသတ် ဗြဟ္မာတို့သည် ပဋိသန္ဓေသညာဖြစ်ပေါ်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံမှ စုတေကြရပါသည်။

မြန်၊နှာ၊၂၇။ စာပိုဒ်-၄၆။

မတူထူးခြားကွဲပြားမှုတို့ကား

၁။ အသက်ရှည်/တို ကွဲပြားကြ၏။

၂။ အဆင်းလှ/မလှ ကွဲပြားကြ၏။

၃။ တန်ခိုးကြီး/မကြီး ကွဲပြားကြ၏။ မြန်၊နှာ၊၂၃။ စာပိုဒ်-၄၀။

၂။ အောက်ပါ က-ခ တို့၌ ပါသော အကြောင်းအရာတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(က) စကြာဝတေးမင်း၏ လက်အောက်ခံ မင်းတို့အား ဆုံးမသော ဩဝါဒစကား။

(ခ) ခိုးသူယောကျ်ားအား ဆုံးမသော ဩဝါဒစကား။

ဖြေ။ (က)

၁။ "သူ့အသက် မသတ်အပ်။

၂။ မပေးသည်ကို မယူအပ်။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်အပ်။

၄။ မဟုတ်မမှန်သော စကားကို မပြောအပ်။

၅။ သေရည်သေရက်ကို မသောက်အပ်။

၆။ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့"ဟု စကြာဝတေးမင်းက လက်အောက်ခံမင်းတို့အား ဆုံးမဩဝါဒ ပေးပါသည်။ မြန်၊နှာ။၅၃။ စာပိုဒ်၊၈၅။ ပိုဒ်ရေ-၄။

(ခ) "အသင်ယောက်ျား. . . သင်သည် ဤဥစ္စာဖြင့် ကိုယ်တိုင်လည်း အသက်မွေးလော့၊ မိဘကိုလည်း ကျွေးမွေးလော့၊ သားမယားကိုလည်း ကျွေးမွေးလော့၊ အလုပ်အကိုင်တို့ကိုလည်း လုပ်ကိုင်လော့၊ အထက် အထက် ဘုံသို့ ရောက်စေသည့် အကျိုးရှိသော ကောင်းမြတ်သော အကျိုးဆယ်ပါးကို ဖြစ်စေတတ်သော ချမ်းသာသည့် အကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို သမဏ ဗြာဟ္မဏတို့၌ တည်ပါစေလော့"ဟု ခိုးသူယောက်ျားအား ဆုံးမဩဝါဒပေးပါသည်။ **မြန်၊နှာ၊၅၆။ စာပိုဒ်-၉၁။ ပိုဒ်ရေ-၄။**

၃။ တရားသဖြင့် မြတ်သော ရဟန်းဟူသည် အဘယ်နည်း- ဖြေဆို၍၊ သနင်္ကုမာရဗြဟ္မာ၏ မြတ်စွာဘုရားအား လျှောက်ထားသော စကားရပ်ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** အကြင်ရဟန်းသည် ပုဗ္ဗဇော် အထူးကိုခံထိုက်၏၊ အာသဝေါတရား ကုန်ပြီးဖြစ်၏။ မဂ်အကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊ မဂ်ကိစ္စကို ပြုပြီးဖြစ်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးဖြစ်၏။ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏။ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးဖြစ်၏။ ထိုရဟန်းမျိုးကိုသာ တရားသဖြင့်သာလျှင် မြတ်သော ရဟန်းဟူ၍ ဆိုရပါသည်။ **မြန်၊နှာ။၈၆။ စာပိုဒ်-၁၃၉။**

**သနင်္ကုမာရဗြဟ္မာ၏ မြတ်စွာဘုရားအား လျှောက်ထားပုံကား**

လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏။ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏။ နတ်လူအပေါင်း၌ အကြင်သူသည် အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏။ **မြန်၊နှာ၊၈၆။ စာပိုဒ်-၁၄၀။**

၄။ ကမ္ဘာဦးအခါက မဟာသမ္မတမင်း-ဟူ၍ အဘယ်ကြောင့် ပေါ်ပေါက်လာရပါသနည်း ဖြေဆို၍၊ အောက်ပါ ဝေါဟာရတို့၏ ဗျုပ္ပတ်ခေါ် အဓိပ္ပာယ်ကိုလည်း ဖွင့်ဆိုပြခဲ့ပါ။

(က) မဟာသမ္မတ၊ (ခ) ခတ္တိယ၊ (ဂ) ရာဇာ။

**ဖြေ။** "အချင်းတို့ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ကုန်ပြီတကား။

အကြင့်ကြောင့် မပေးဘဲ ယူခြင်းသည် ထင်ရှား၏။ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏။ မဟုတ် မမှန်ပြောဆိုခြင်း သည် ထင်ရှား၏။ တုတ်ကိုင်ခြင်းသည် ထင်ရှား၏။ ထို့ကြောင့်ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချသော၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့သော၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်သော၊ တစ်ယောက်သော သူကို ငါတို့သမုတ်ကုန်အံ့။ ထို့ပြင် ငါတို့သည် ထိုသူအား သလေးဆန်တို့၏ အဖို့အစုကို ပေးကုန်အံ့"ဟု ညည်းတွားပြောဆိုမှုကို အကြောင်းပြု၍ မဟာသမ္မတ မင်းဟူ၍ ပေါ်ပေါက်လာရပါသည်။

**မြန်၊၈၁။ စာပိုဒ်-၁၃၀။**

(က) လူအများတို့သည် သမုတ်အပ်သောကြောင့် "မဟာသမ္မတ"မည်ပါသည်။

(ခ) လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် "ခတ္တိယ"ဟု ခေါ်ပါသည်။

(ဂ) တရားသဖြင့် သူတစ်ပါးတို့ကို နှစ်သက်စေတတ်သောကြောင့် "ရာဇာ"မည်ပါသည်။

**မြန်၊နှာ-၈၂။ စာပိုဒ်-၁၃၁။**

၅။ လူချင်းတူပါသော်လည်း အမိဝမ်း၌ ပဋိသန္ဓေယူရာဝယ် မတူကွဲပြားပုံတို့ကို သမ္ပသာဒနီယသုတ်ကို မှီ၍ ဖော်ပြခဲ့ပါ။

**ဖြေ။** ဤလူ့ပြည်၌ အချို့လူသည် မသိမူ၍ အမိဝမ်းသို့ သက်ဝင်၏။ မသိမူ၍ အမိဝမ်း၌ တည်နေ၏။ မသိမူ၍ အမိဝမ်းမှ ထွက်ခွါ၏၊ ဤသည်ကား ရှေ့ဦးစွာ အမိဝမ်း၌ ပဋိသန္ဓေ နေခြင်းတည်း။

ဤလူ့ပြည်၌ အချို့သူသည် သိလျက် အမိဝမ်းသို့ သက်ဝင်၏။ မသိမူ၍ အမိဝမ်း၌ တည်နေ၏။ မသိမူ၍ အမိဝမ်းမှ ထွက်ခွါ၏။ ဤသည်ကား နှစ်ကြိမ်မြောက် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။

ဤလူ့ပြည်၌ အချို့သူသည် သိလျက် အမိဝမ်းသို့ သက်ဝင်၏။ သိလျက် အမိဝမ်း၌ တည်နေ၏။ မသိမူ၍ အမိဝမ်းမှ ထွက်ခွါ၏။ ဤသည်ကား သုံးကြိမ်မြောက် ပဋိသန္ဓေနေခြင်းတည်း။

ဤလူ့ပြည်၌ အချို့သူသည် သိလျက် အမိဝမ်းသို့ သက်ဝင်၏။ သိလျက် အမိဝမ်း၌ တည်နေ၏။ သိလျက် အမိဝမ်းမှ ထွက်ခွါ၏။ ဤသည်ကား လေးကြိမ်မြောက် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။

မြန်၊နှာ၊၉၁။ စာပိုဒ်-၁၄၇။

၆။ စုပေါင်းရွတ်ဆိုခြင်း-ဟု ဆိုအပ်သော သံဂါယနာတင်အပ်သော တရားများကို ဖော်ပြ၍၊ ထိုသို့ တင်သဖြင့် ရအပ်သော အကျိုးတရားများကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ သံဂါယနာတင်အပ်သော တရားများကား**

၁။ သတိပဋ္ဌာန်၄-ပါး။

၂။ သမ္မပ္ပဓာန် ၄-ပါး။

၃။ ဣဒ္ဓိပါဒ် ၄-ပါး။

၄။ ဣန္ဒြေ ၅-ပါး။

၅။ ဗိုလ် ၅-ပါး။

၆။ ဗောဇ္ဈင် ၇-ပါး။

၇။ အရိယာ မဂ္ဂင် ၈-ပါးတို့ဖြစ်ပါသည်။

**သံဂါယနာတင်သဖြင့် ရနိုင်သော အကျိုးများကား**

၁။ လူအများ၏အစီးအပွား အလို့ငှာဖြစ်၏။

၂။ လူအများ၏ ချမ်းသာအလို့ငှာ ဖြစ်၏။

၃။ လောကကို စောင့်ရှောက်ရန် အလို့ငှာဖြစ်၏။

၄။ နတ် လူတို့၏ အကျိုးစီးပွားချမ်းသာသုခ အလို့ငှာ ဖြစ်၏။ **မြန်၊နှာ၊၁၁၈။ စာပိုဒ်-၁၇၇။**

၇။ မြတ်ဗုဒ္ဓ၏ မဟာပုရိသလက္ခဏာတော် ၃၂-ပါးတို့တွင် ခြေတော်, လက်တော်, မျက်လုံးတော်တို့နှင့် သက်ဆိုင်သည့် လက္ခဏာတော်များကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

**ဖြေ။** မြတ်ဗုဒ္ဓ၏ ခြေတော် လက်တော် မျက်လုံးတော်တို့နှင့် သက်ဆိုင်သည့် လက္ခဏာတော်များကား

၁။ အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိခြင်း၊

၂။ အောက်ခြေဖဝါး အပြင်၌ အကန့်တစ်ထောင်ရှိကုန်သော အကွပ်ပုံတောင်းတို့နှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံကုန်သော စက်ဝန်းတို့ ဖြစ်ပေါ်ခြင်း။

၃။ ရှည်သော ဖနောင့်ရှိခြင်း။

၄။ ရှည်သွယ်သော လက်ချောင်း ခြေချောင်းရှိခြင်း။

၅။ နူးညံ့ နုနယ်သော ခြေဖဝါး လက်ဖဝါးရှိခြင်း။

၆။ ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်းရှိခြင်း။

၇။ ဖမျက် မြင့်သော ခြေရှိခြင်း။

၈။ ဇေီသားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်းရှိခြင်း။

၉။ မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်နိုင်ခြင်း။

၁၀။ အလွန်ညိုသော မျက်လုံးရှိခြင်း။

၁၁။ နွားငယ် မျက်တောင်နှင့်တူသော မျက်တောင်ရှိခြင်းတို့ဖြစ်ပါသည်။

မြန်၊နှာ။၁၃၅၊၁၃၆၊၁၃၇။ စာပိုဒ်-၂၀၁။

၈။ သိင်္ဂါလသတို့သား ရှိခိုးသော အရပ် ၆-ပါးနှင့် ဘုရားရှင် ဟောပြသည့် အရပ် ၆-ပါးတို့ကို ဖော်ပြ၍၊ စည်းစိမ်ပျက်ကြောင်း တရားများကိုလည်း ရေးသားဖော်ပြခဲ့ပါ။

**ဖြေ။ သိင်္ဂါလသတို့သား ရှိခိုးသော အရပ် ၆-ပါးကား**

၁။ အရှေ့အရပ်

၂။ တောင်အရပ်

၃။ အနောက်အရပ်

၄။ မြောက်အရပ်

၅။ အောက်အရပ်

၆။ အထက်အရပ် တို့ဖြစ်ပါသည်။ မြန်၊နှာ၁၆၃၊ စာပိုဒ်-၂၄၂။

**ဘုရားရှင်ဟောပြသည့် အရပ် ၆-ပါးတို့ကား**

၁။ အမိအဖတို့ကို အရှေ့အရပ်

၂။ ဆရာသမားတို့ကို တောင်အရပ်

၃။ သားမယားတို့ကို အနောက်အရပ်

၄။ ချစ်သော အဆွေခင်ပွန်းတို့ကို မြောက်အရပ်

၅။ အစေအပါး အလုပ်သမားတို့ကို အောက်အရပ်

၆။ သမဏ ဗြာဟ္မဏတို့ကို အထက်အရပ်ဟု သိအပ်ကုန်၏။ မြန်၊နှာ၁၇၁။ စာပိုဒ်-၂၆၆။

**စည်းစိမ်ပျက်ကြောင်း ၆-ပါးတို့ကား**

၁။ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်း၊

၂။ အချိန်မဲ့အခါမဲ့ ခရီးသွားလေ့ရှိခြင်း၊

၃။ ပွဲလမ်းသဘင်ကြည့်ရှုလေ့ရှိခြင်း၊

၄။ မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်း၊

၅။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း၊

၆။ ပျင်းရိလေ့ရှိခြင်းတို့ဖြစ်ပါသည်။ မြန်၊နှာ၁၆၅။ စာပိုဒ်-၂၄၇။

၉။ အာဋာနာဋိယသုတ်ကို ကြားနာရသဖြင့် အဘယ်သူတို့ အဘယ်အကျိုးတရားများ ရကြသည်ကို ဖော်ပြ၍၊ နတ်အများတို့၏ မြတ်စွာဘုရားထံပါးမှ ပြန်လည်ထွက်ခွါကြပုံအခြင်းအရာများကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

**ဖြေ။** အာဋာနာဋိယသုတ် ပရိတ် အရံအတားသည် ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောက်ျား၊ ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် အလို့ငှာဖြစ်ခြင်း၊ မပင်ပန်း မဆင်းရဲခြင်းငှာ ဖြစ်ခြင်း၊ ချမ်းသာစွာ နေရခြင်းငှာ ဖြစ်ခြင်းတို့ဖြစ်ပါသည်။ မြန်၊နှာ၁၈၅။ စာပိုဒ်-၂၈၃။

## ဘုရားရှင်ထံမှ နတ်အများတို့ ပြန်လည်ထွက်ခွါပုံ အခြင်းအရာများကား

၁။ နတ်မင်းကြီး ၄-ယောက်တို့သည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။

၂။ အချို့နတ်တို့သည် နေရာမှထ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက် အရိုသေပြု၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။

၃။ အချို့နတ်တို့သည် ဘုရားရှင်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ အမှတ်ရဖွယ်စကား နှုတ်ဆက်စကားတို့ကို ပြောဆိုကြပြီး၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။

၄။ အချို့နတ်တို့သည် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီမိုးရှိခိုးလျက် ထိုအရပ်၌ပင် ကွယ်လွန်ကုန်၏။

၅။ အချို့နတ်တို့သည် မိမိတို့၏ အမည်အနွယ်ကို ပြောကြား၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။

၆။ အချို့နတ်တို့သည် တိတ်ဆိတ်စွာ ထိုအရပ်၌ပင် ကွယ်ကုန်၏။ **မြန်၊၁၈၅။ စာပိုဒ်-၂၈၄။**

၁၀။ အောက်ဖော်ပြပါ သုတ်တို့ကို အဘယ်အရပ်ဒေသ၌ အဘယ်သူတို့ကို အကြောင်းပြု၍ ဟောကြားခဲ့ပါသနည်း၊ အသီးသီး ဖြေဆိုခဲ့ပါ။

(က) ဥဒုမ္ဗရိကသုတ်၊ (ခ) အဂ္ဂညသုတ်၊ (ဂ) ပါသာဒိကသုတ်၊

(ဃ) လက္ခဏသုတ်၊ (င) ဒသုတ္တရသုတ်။

**ဖြေ။** (က) ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၊ နိဂြောဓပရိဗိုဇ်။ **မြန်၊နှာ၊၂၉။ စာပိုဒ်-၄၉။**

(ခ) သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၊ ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားတို့ဖြစ်ပါသည်။

**မြန်၊နှာ၊၇၁။ စာပိုဒ်-၁၁၁။**

(ဂ) သက္ကတိုင်း၊ ဝေဓညမည်သော သာကီဝင်မင်းမျိုးတို့၏ သရက် ဥယျာဉ်၊ စုန္ဒသမဏုဒ္ဒေသ။

**မြန်၊နှာ။၁၀၇။ စာပိုဒ်-၁၆၅။**

(ဃ) သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၊ ရဟန်းအများဖြစ်ပါသည်။ **မြန်၊နှာ၊၁၃၅၊ စာပိုဒ်-၁၉၈။**

(င) စမ္ပာမြို့ ဂဂ္ဂရာ မည်သော ရေကန်၊ ရဟန်းငါးရာတို့ ဖြစ်ပါသည်။ **မြန်၊နှာ၊၂၄၉။ စာပိုဒ်-၃၅၀။**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၂) သုတ္တန္တပိဋက
# ပါထိကဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၂၃. ၆. ၂၀၁၆) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁-မေး။ကဠာရမဋ္ဋက တက္ကတွန်း၏ အခြံအရံ, လာဘ်လာဘများ ရခြင်းအကြောင်းများကို ဖော်ပြ၍၊ ကမ္ဘာပျက်သည်ရှိသော် သတ္တဝါတို့ ရောက်ရမည့်ဘုံ၊ အစားအစာ၊ ကျက်စားရာနေရာနှင့် အသက်တို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ (၁) အသက်ထက်ဆုံး အဝတ်မဝတ်သူဖြစ်အံ့၊ အဝတ်ကို မဝတ်အံ့။

(၂) အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မမှီဝဲအံ့။

(၃) အသက်ထက်ဆုံး သေ-အသားတို့ဖြင့်သာ မျှတအံ့၊ ထမင်းမုန့်ကို မစားအံ့။

(၄) ဝေသာလီပြည်၏ အရှေ့အရပ် ဥဒေန စေတီ (နတ်ကွန်း) ကို လွန်၍မသွားအံ့။

(၅) ဝေသာလီပြည်၏ တောင်အရပ် ဂေါတမကစေတီ (နတ်ကွန်း)ကို လွန်၍မသွားအံ့။

(၆) ဝေသာလီပြည်၏ အနောက်အရပ် သတ္တမ္ဗစေတီ (နတ်ကွန်း) ကို လွန်၍မသွားအံ့။

(၇) ဝေသာလီပြည်၏မြောက်အရပ် ဗဟုပုတ္တစေတီ (နတ်ကွန်း)ကို လွန်၍မသွားအံ့ဟု ဆောက်တည်ကျင့်သုံး၏။ နှာ-၈၊ စာပိုဒ်-၁၁

လောကပျက်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ၌ ဖြစ်ကုန်၏။ ထိုသူတို့သည် နှစ်သိမ့်ခြင်း ပီတိလျှင် အစာရှိကုန်၏။ ကောင်းကင်၌ကျက်စားကုန်၏။ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ နှာ-၂၂၊ စာပိုဒ်-၃၈

၂-မေး။တပဿီပုဂ္ဂိုလ်ဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း ဖြေဆို၍၊ ၎င်းပုဂ္ဂိုလ်၏ စောင့်စည်းခြင်းလေးမျိုး တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ တပဿီပုဂ္ဂိုလ်ဟူသည် သီလလုံခြုံအောင် လုံ့လပြုသော သီလသံဝရပုဂ္ဂိုလ်မျိုး၊ တစ်နည်း ပလိဗောဓမှ ကင်းဝေးအောင် လုံ့လပြုသော ယောဂါဝစရဈာန်ရပုဂ္ဂိုလ်နှင့် အဘိညာဉ်ရပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။

တပဿီပုဂ္ဂိုလ်သည် အသက်ကိုမသတ်၊ အသက်ကို မသတ်စေ၊ အသက်သတ်သောသူအား အလိုမတူ။

မပေးသော ဥစ္စာကိုမယူ။ မပေးသော ဥစ္စာကို မယူစေ၊ မပေးသော ဥစ္စာကို ယူသောသူအား အလိုမတူ။

မဟုတ် မမှန်သော စကားကို မပြော မဟုတ်မမှန်သော စကားကို မပြောစေ၊ မဟုတ်မမှန်သော စကားကို ပြောသောသူအား အလိုမတူ။

ကာမဂုဏ်ငါးပါးကို မခံစား၊ ကာမဂုဏ် ငါးပါးကို မခံစားစေ။ ကာမဂုဏ်ငါးပါးကို ခံစားသောသူအား အလိုမတူ။ နှာ-၃၉၊ စာပိုဒ်-၇၀

၃-မေး။ ဒဋ္ဌနေမိစကြာဝတေးမင်း၏ ဂုဏ်ရည် (၆) မျိုးတို့ကို ဖော်ပြ၍၊ စကြာဝတေးမင်းများ ပိုင်ဆိုင်သည့် ရတနာ (၇) ပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဂုဏ်ရည် (၆) ပါး

(၁) တရားစောင့်ခြင်း၊ (၂) တရားနှင့်အညီ မင်းပြုခြင်း၊ (၃) သမုဒြာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရခြင်း၊ (၄) ရန်အပေါင်းကို အောင်ခြင်း၊ (၅) တိုင်းနိုင်ငံကို တည်ငြိမ်စေခြင်း၊ (၆) ရတနာ (၇) ပါးနှင့် ပြည့်စုံစေခြင်းတို့ ဖြစ်ပါသည်။

ရတနာ (၇) ပါး

စကြာ ရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာတို့ ဖြစ်ပါသည်။ **နှာ-၄၉၊ စာပိုဒ်-၈၁**

၄-မေး။ အမျိုးလေးပါးတို့၏ ဒုဂ္ဂတိ၊ သုဂတိတို့သို့ ရောက်ရကြောင်း တရားများကို ဖော်ပြ၍၊ ပစ္စက္ခဘဝ၌ပင် ကိလေသ ပရိနိဗ္ဗာန်ပြုရခြင်း၏ အခြေခံအကြောင်းများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အမျိုးလေးပါးတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် "ကာယဒုစ္စ"ရိုက်ကို ကျင့်၍၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် ဝစီဒုစ္စရိုက်ကိုကျင့်၍ စိတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် "မနောဒုစ္စရိုက်"ကိုကျင့်၍ မှားသော အယူဝါဒရှိ၏။ မှားသော အယူဝါဒဖြင့် ပြုသောကံရှိ၏၊ မှားသောအယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ရောက်ရ၏။

အမျိုးလေးပါးတို့သည် ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် "ကာယသုစရိုက်"ကို ကျင့်၍ နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်'ကိုကျင့်၍ စိတ်ဖြင့်ပြုသော ကောင်းသော အကျင့် "မနော သုစရိုက်"ကို ကျင့်၍မှန်သော အယူဝါဒရှိ၏။ မှန်သော အယူဝါဒဖြင့် ပြုသော ကံရှိ၏၊ မှန်သော အယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏။ **နှာ-၈၄-၈၅၊ စာပိုဒ်-၁၃၆။**

ကိုယ်ဖြင့် စောင့်စည်းသည်ဖြစ်၍ နှုတ်ဖြင့် စောင့်စည်းသည်ဖြစ်၍ ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်၍ ဤမျက်မှောက်ဘဝ၌ပင် ကိလေသပရိနိဗ္ဗာန်ပြု၏။

**နှာ-၈၆၊ ပိုဒ်-၁၃၈**

၅-မေး။ ချမ်းသာခံစားခြင်းအကျင့် (၄) ပါးတို့၏ ဆိုးဂုဏ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ ထိုအကျင့်၏ အကျိုးအာနိသင် တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ စုန္ဒ ဤ (ဆိုလတ္တံ့သော) လေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် ယုတ်ညံ့ကုန်၏။ ရွာနေသူတို့၏ အကျင့်ဖြစ်ကုန်၏။ ပုထုဇဉ်တို့သာ မှီဝဲအပ်ကုန်၏၊ အရိယာ ပုဂ္ဂိုလ်တို့ မမှီဝဲအပ်ကုန်။ အကျိုးစီးပွားနှင့် မစပ်ကုန်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်းကင်းရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ ချုပ်ရန်မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ ငြိမ်းရန် မဖြစ်ကုန်။ သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိရန် မဖြစ်ကုန်၊ မဂ်ဉာဏ် ဖိုလ် ဉာဏ် ရရန် မဖြစ်ကုန်၊ နိဗ္ဗာန်ရရန် မဖြစ်ကုန်။ နှာ-၁၂၁၊ စာပိုဒ်-၁၈၃။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက် မဂ် ၃-ပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏။ ဤသည်ကား ရှေ့ဦးစွာသော အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ တစ်ပါးတို့လည်း ရဟန်းသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်

တပ်မက်ခြင်း 'ရာဂ'၊ အမျက်ထွက်ခြင်း 'ဒေါသ'၊ တွေဝေခြင်း 'မောဟ'တို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာလာ၍ ဆင်းရဲ၏၊ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမိဖြစ်၏၊ ဤသည်ကား "နှစ်ခုမြောက်" အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ တပါးတုံလည်း အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသော ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမိဖြစ်၏။ ဤသည်ကား သုံးခုမြောက် အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ တပါးတုံလည်း ရဟန်းသည် အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့်လွတ်မြောက်သည် (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာဖြစ်၏။ ဤသည်ကား လေးခုမြောက် အကျိုးအာနိသင်တည်း။ နှာ-၁၂၃၊ စာပိုဒ်-၁၈၅။

၆-မေး။ အောက်ပါ (က-ခ) တို့၏ အခြေခံ အကြောင်းတရားများကို ဖော်ပြခဲ့ပါ။

(က) မြတ်ဗုဒ္ဓသည် နူးညံ့သည့် လက်ဖဝါး ခြေဖဝါးတို့ကို ပိုင်ဆိုင်ရခြင်းအကြောင်း၊

( ခ ) ဥဏ္ဏာလုံမွေးရှင်တော်ကို ရရှိရခြင်းအကြောင်း။

ဖြေ။ (က) (၁) ပေးကမ်းစွန့်ကြဲခြင်း။

(၂) ချစ်ဖွယ်သော စကားကို ဆိုခြင်း။

(၃) အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း။

(၄) မိမိနှင့်ထပ်တူညီမျှ ဆက်ဆံခြင်းတို့တည်း။ နှာ-၁၄၃၊ စာပိုဒ်-၂၁၀

(ခ) ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ "ဇာတိ"၊ ရှေးဖြစ်ခဲ့ရာ "ဘဝ" ရှေးနေခဲ့ရာ ဘုံဌာနတို့၌ လူဖြစ်စဉ်အခါက မမှန်သောစကားကို ပြောခြင်းကိုပယ်၍ မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ မှန်သော စကားကို ဆိုလေ့ရှိ၏ မှန်သော စကားချင်း စေ့စပ်တတ်၏၊ မြဲမြံတည်တံ့သော စကားရှိ၏ ယုံကြည်ရသော စကားရှိ၏၊ လူအများကို မလှည့်စားတတ်။

နှာ-၁၅၆၊ စာပိုဒ်-၂၃၂

၇-မေး။ ခင်ပွန်းယုတ်၏ အပြစ် (၆) ပါးတို့ကို ဖော်ပြ၍၊ မိတ်ဆွေကောင်းဟု သိနိုင်ကြောင်း (၄)ပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အကြင်သူတို့သည် လောင်းကစားကြူးကုန်၏၊ အကြင်သူတို့သည် ကာမဂုဏ် ကြူးကုန်၏၊ အကြင်သူတို့သည် သေသောက်ကြူးကုန်၏၊ အကြင်သူတို့သည် အထူးပြု၍ လှည့်ပတ်တတ်ကုန်၏၊ အကြင်သူတို့သည် မာယာဖြင့် လှည့်ပတ်တတ်ကုန်၏၊ အကြင်သူတို့သည် အနိုင်အထက် ပြုတတ်ကုန်၏။ နှာ-၁၆၆၊ စာပိုဒ်-၂၅၂။

မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်တတ်၏၊ မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဉစ္စာကို စောင့်ရှောက်တတ်၏။ ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာဖြစ်၏။ ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လတ်သော် ထိုပြောသည်ထက် နှစ်ဆသော စည်းစိမ်ကို ပေးတတ်၏။ နှာ-၁၆၉၊ ပိုဒ်-၂၆၁။

၈-မေး။ နတ်မင်းကြီး (၄) ပါးတို့ကို အုပ်ချုပ်ခံလက်အောက်တပည့်များနှင့် တွဲစပ်ဖော်ပြပြီးလျှင်၊ ဗုဒ္ဓမြတ်စွာသည် အာဋာနာဋိယပရိတ်တော်ကို အဘယ်ပုဂ္ဂိုလ်တို့အတွက် အဘယ်အကျိုးငှာ ဟောတော်မူခဲ့ပါသနည်း။

ဖြေ။ ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကို အစိုးရ၏။ ဝိရုဠှနတ်မင်းကြီးသည် ကုမ္ဘဏ်နတ်တို့ကို အစိုးရ၏။ ဝိရူပက္ခနတ်မင်းကြီးသည် နတ်, နဂါးတို့ကို အစိုးရ၏။ ကုဝေရနတ်မင်းကြီးသည် ဘီလူးတို့ကို အစိုးရ၏။

နှာ-၁၇၉-၁၈၀၊ စာပိုဒ်-၁၈၂။

ရဟန်းတို့ အာဠာနာဋိယမည်သော ပရိတ်အရံအတားသည် အကျိုးစီးပွားနှင့်စပ်၏၊ အာဠာနာဋိယ မည်သော ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှာ မဆင်းရဲ မပင်ပန်းခြင်းငှာ ချမ်းသာစွာ နေရခြင်းငှာ ဖြစ်၏ဟု (မိန့်တော်မူ၏)။ နှာ-၁၉၄၊ စာပိုဒ်- ၂၉၅။

၉-မေး။ သင်္ဂီတိသုတ်လာ ကုသိုလ်တော် (၃)ပါးတို့ကို သဘောအဓိပ္ပာယ်နှင့်တကွ ဖော်ပြ၍၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရနိုင်ခြင်းအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကုသိုလ်စေတတ်တို့သည် ကာမမှ လွတ်ရန် သဘောနေက္ခမစေတတ်၊ မေတ္တာနှင့်စပ်သော သဘောအဗျာပါဒစေတတ်၊ ကရုဏာနှင့်စပ်သော သဘော အဝိဟိံသာစေတတ်အားဖြင့် သုံးပါးတို့တည်း။ နှာ-၂၀၀၊ စာပိုဒ်-၃၀၅(၁၂)

ငါ့သျှင်တို့ ဤ (သာသနာတော်)၌ ရဟန်းသည် အလင်းရောင်အမှတ်ကို နှလုံးသွင်း၏၊ နေ့ဟူသော အမှတ်ကို အဓိဋ္ဌာန်ပြု၏၊ နေ့ကဲ့သို့ ညဉ့်ကို ညဉ့်ကဲ့သို့ နေ့ကို နှလုံးသွင်း၏၊ ဤသို့အပိတ်အပင်မရှိသော ထက်ဝန်းကျင် မြေးယှက်ခြင်းမရှိသော စိတ်ဖြင့် အရောင်အလင်းရှိသော စိတ်ကို ပွားများ၏။ ငါ့သျှင်တို့ ပွားစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော ဤသမာဓိ ဘာဝနာသည် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရခြင်းငှာ ဖြစ်၏။

နှာ-၂၀၇၊ စာပိုဒ်-၃၀၇ (၅-၂)

၁၀-မေး။ အောက်ပါသုတ်တို့ကို ဟောသူနှင့် နာယူသူတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

(က) ပါထိကသုတ်၊ (ခ) အဂ္ဂညသုတ်၊ (ဂ) ပါသာဒိကသုတ်၊ (ဃ) သင်္ဂီတိသုတ်၊ (င) ဒသုတ္တရသုတ်။

ဖြေ။ (က) မြတ်စွာဘုရားသည် ဘဂ္ဂဝအနွယ် ပရိဗိုဇ်ကို ဟောတော်မူပါသည်။ နှာ-၂၈
(ခ) မြတ်စွာဘုရားသည် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့ကို ဟောတော်မူပါသည်။ နှာ-၈၆
(ဂ) မြတ်စွာဘုရားသည် အသျှင်ဥပဝါဏကို ဟောတော်မူပါသည်။ နှာ-၁၃၃
(ဃ) အသျှင်သာရိပုတြာသည် ရဟန်းတော်များကို ဟောတော်မူပါသည်။ နှာ-၂၄၈.
(င) အသျှင်သာရိပုတြာသည် ရဟန်းတော်များကို ဟောတော်မူပါသည်။ နှာ-၂၈၃

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) သုတ္တန္တပိဋက

## ပါထိကဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၁၅. ၆. ၂၀၁၇) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••••••••••••

**၁-မေး။** အစေလကဋ္ဌာရ မဋ္ဌက ဆောက်တည်အပ်သော သတ္တဝတပဒသရုပ်တို့ကို ဖော်ထုတ်၍၊ ပရိပုဏ္ဏတပေါ ဇိဂုစ္ဆာ၏ ဥပက္ကိလေသတို့တွင် အစ (၃) ခုကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** သတ္တဝတပဒသရုပ်

(၁) အသက်ထက်ဆုံး အဝတ်မဝတ်လို၊ (၂) အသက်ထက်ဆုံး မြတ်သော အကျင့်ကိုကျင့်လို၏၊ မေထုန်မမှီဝဲလို၊ (၃) အသက်ထက်ဆုံး သေရည်,အသားဖြင့်သာလျှင် မျှတလို၏၊ ထမင်းမုယောမုန့်ကိုမစားလို၊ (၄) ဝေသာလီမြို့မှ အရှေ့အရပ်၌ရှိသော ဥဒေနစေတီကို မကျော်လို၊ (၅) တောင်အရပ်၌ရှိသော ဂေါတမကစေတီကို မကျော်လို၊ (၆) အနောက်အရပ်၌ရှိသော သတ္တမ္ဗစေတီကို မကျော်လို၊ (၇) ဝေသာလီမြို့၏ အနောက်အရပ် ဗဟုပုတ္တ စေတီကို မကျော်လို၊ **(၁-မှတ်စီပေါင်း ၇-မှတ်)**

ပရိပုဏ္ဏ တပေါဇိဂုစ္ဆ၏ ဥပက္ကိလေသတို့တွင် အစ (၃) ခု

(၁) နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည် အကျင့်ကို ကောင်းစွာယူ၏၊ ထိုတပဿီပုဂ္ဂိုလ်သည် ထိုအကျင့်ဖြင့် မိမိစိတ်ရှိ၏၊ ပြည့်စုံသော အကြံရှိ၏။

(၂) ထိုအကျင့်ဖြင့် မိမိကိုယ်ကို ချီးမြှောက်၏၊ သူတစ်ပါး ရှုတ်ချပစ်တင်၏။

(၃) ထိုအကျင့်ဖြင့် ယစ်၏၊ တွေဝေ၏၊ မေ့လျော့ခြင်းသို့ရောက်၏။ **(၁-မှတ်စီပေါင်း ၃-မှတ်)**

••••••••••••••••••••••••••••••••••••••••••••••••••••

**၂-မေး။** လူတို့၏ သက်တမ်းတစ်လျောက် ပေါ်ပေါက်လာသော ဒုစရိုက်အကုသိုလ်တို့ကို သက်တမ်းနှင့်တကွ တွဲစပ်လျက် စက္ကဝတ္တိသုတ်အရ ဖော်ထုတ်ပြခဲ့ပါ။

**ဖြေ။** (၁) အသက်ရှစ်သောင်းတမ်း၌ ပါဏာတိပါတနှင့် အဒိန္နာဒါနဒုစရိုက်တို့ ပေါ်ပေါက်လာပါသည်၊

(၂) လေးသောင်းတမ်း၌ မုသာဝါဒပေါ်ပေါက်လာပါသည်၊

(၃) နှစ်သောင်းတမ်း၌ ပိသုဏဝါစာပေါ်ပေါက်လာပါသည်၊

(၄) တစ်သောင်းတမ်း၌ ကာမေသုမိစ္ဆာစာရပေါ်ပေါက်လာပါသည်၊

(၅) ငါးထောင်တမ်း၌ ဖရုသဝါစာနှင့်သမ္ဖပ္ပလာပပေါ်ပေါက်လာပါသည်၊

(၆) နှစ်ထောင့်ငါးရာတမ်း၌ အဘိဇ္ဈာနှင့်ဗျာပါဒပေါ်ပေါက်လာပါသည်၊

(၇) တစ်ထောင်တမ်း၌ မိစ္ဆာဒိဋ္ဌိပေါ်ပေါက်လာပါသည်၊

(၈) ငါးရာတမ်း၌ အဓမ္မရာဂေါ, ဝိသမလောဘ, မိစ္ဆာဓမ္မတို့ပေါ်ပေါက်လာပါသည်၊

(၉) နှစ်ရာ့ငါးဆယ်တမ်း၌ အမတ္တေယျတာ, အပေတ္တေယျတာ, အသာမညတာ, အဗြဟ္မညတာ, အမျိုး၌ကြီးသောသူတို့ကို မရိုသေ မလေးစားခြင်းတို့ ပေါ်ပေါက်လာကြပါသည်။ **(၁၀-မှတ်)**

၃-မေး။ အောက်ပါတို့ကို ဖော်ပြခဲ့ပါ။

(က) လူတို့လိုအပ်ချက်အရ သမ္မတကို တောင်းဆိုရခြင်းအကြောင်း။

(ခ) လူတို့ ပထမဆုံး ခန့်အပ်သော မဟာသမ္မတမင်း၏ ဂုဏ်ရည်။

(ဂ) မဟာသမ္မတမင်း၏ အလုပ်။

(ဃ) မဟာသမ္မတမင်း၏ လစာ။

(င) မဟာသမ္မတအမည်ရခြင်းအကြောင်း။

ဖြေ။ (က) အဒိန္နဒါန, ဂရဟာ, မုသာဝါဒ, ဒဏ္ဍာဒါနဟူသော ယုတ်မာသောတရားတို့ သတ္တဝါတို့၌ ထင်ရှားလာသောကြောင့် မဟာသမ္မတမင်းကို တောင်းဆိုရပါသည်။ (၂-မှတ်)

(ခ) အများထက် အဘိရူပတရ, ဒဿနီယတရ, ပါသာဒိကတရ, မဟေသက္ခတရဖြစ်ခြင်း။ (၂-မှတ်)

(ဂ) ကောင်းစွာ ပစ်ပယ်ထိုက်သော ပုဂ္ဂိုလ်ကို ပစ်ပယ်ရာ၏၊ ကောင်းစွာကဲ့ရဲ့ထိုက်သောပုဂ္ဂိုလ်ကို ကဲ့ရဲ့ရာ၏၊ ကောင်းစွာတိုင်းပြည်မှ နှင်ထုတ်ထိုက်သောပုဂ္ဂိုလ်ကို နှင်ထုတ်ရာ၏။ (၂-မှတ်)

(ဃ) လူတို့၏ သလေးစပါးအဖို့တို့ကို ရရှိခြင်း။ (၂-မှတ်)

(င) များစွာသော လူအပေါင်းတို့က သမုတ်အပ်သောကြောင့် မဟာသမ္မတအမည်ရပါသည်။ (၂-မှတ်)

၄-မေး။ စကားပြောဆိုခြင်း ကျင့်ဝတ်၌ မြတ်စွာဘုရား ဟောကြားခဲ့ပုံကို သမ္ပသာဒနီယသုတ်အရ ဖော်ထုတ်ပြ၍၊ တထာဂတမည်ခြင်းအကြောင်းတို့တွင် နောက်ဆုံးအကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

ဖြေ။ မုသာဝါဒနှင့်စပ်သော စကားကို မပြောဆိုရ၊ ကွဲပြားစေခြင်း၌ ယှဉ်သောစကားကို မပြောဆိုရ၊ ပေသုညစကားကို မပြောဆိုရ၊ အောင်နိုင်လိုသည်ဖြစ်၍ ထိပါးချုပ်ချယ်ခြင်းကြောင့်ဖြစ်သော စကားကို မပြောဆိုရ၊ ပညာဖြင့် ဆင်ခြင်၍ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအခါ၌ သိုမှီးသိမ်းဆည်းရာ မနောဒွါရတည်းဟူသော ပူတာ တံသင်းရှိသော စကားကို ပြောဆို၏။ (၆-မှတ်)

တထာဂတမည်ခြင်းအကြောင်း- ဩကာသလောက, သတ္တလောက၌ မြတ်စွာဘုရားသည် တစ်ပါးသော သတ္တဝါတို့ကို လွှမ်းမိုးတော်မူနိုင်၏၊ တစ်ပါးသော သတ္တဝါတို့က လွှမ်းမိုးတော်မမူနိုင်၊ စင်စစ် အလုံးစုံသော ဥ ယျမ်ကို မြင်တော်မူနိုင်၏၊ တစ်ပါးသော သတ္တဝါတို့ကို မိမိအလိုသို့ လိုက်စေတော်မူနိုင်၏။(၄-မှတ်)

၅-မေး။ မြတ်စွာဘုရားသည် ရှေးဘဝ၌ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ချီးမြှောက်ခြင်းကြောင့် ရရှိလာသော လက္ခဏာတို့ကို ဖော်ပြ၍၊ သွားတော်ညီညာခြင်း၊ အလွန်ဖြူသော စွယ်တော်ရှိခြင်း လက္ခဏာတို့ကို ရရှိတော်မူသော ရှေးကောင်းမှုတို့ကိုလည်း အများသိအောင် ရှင်းပြခဲ့ပါ။

ဖြေ။ (၁) မုဒုတလုနဟတ္ထပါဒ= နူးညံ့သိမ်မွေ့နုပျိုသော လက်ခြေရှိတော်မူခြင်း၊

(၂) ဇာလဟတ္ထပါဒ= ဇာဖြင့် ဖွဲ့အပ်သကဲ့သို့ ဖြစ်သော လက်ခြေရှိတော်မူခြင်း၊ (၆-မှတ်)

ရှေးလူဖြစ်စဉ် မိစ္ဆာဇီဝကို ပယ်စွန့်၍ သမ္မာအာဇီဝဖြင့် အသက်မွေး၏၊ ချိန်ဖြင့်ကောက်ကျစ်စဉ်းလဲခြင်း, အသပြာဖြင့် ကောက်ကျစ်စဉ်းလဲခြင်းစသော နှိပ်စက်ခြင်း နိုင်ထက်ကလူပြုခြင်းမှ ရှောင်ကြဉ်ခဲ့ပါသည်။

(၆-မှတ်)

၆-မေး။ ပါပမိတ္တနှင့် ပေါင်းဖော်ခြင်းကြောင့် ရရှိနိုင်သော အပြစ်တို့ကို ဖော်ပြ၍၊ လောက၌ မိတ်ဆွေစစ်သာ ရှိသည်မဟုတ်၊ မိတ်ဆွေအတုအယောင်များလည်း ရှိကြောင်းကို သိင်္ဂါလောဝါဒသုတ်အရ ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ ကြွေအန်ကြူးသော ပုဂ္ဂိုလ်, မိန်းမကြူး, ထမင်းစားကြူး, မုန့်စားကြူးသူ, သေသောက်ကြူးသော ပုဂ္ဂိုလ်, အတုအပပြုလျက် လိမ်လည်လှည့်ပတ်တတ်သော ပုဂ္ဂိုလ်, မျက်မှောက်၌ လိမ်လည်လှည့်ပတ်တတ်သော ပုဂ္ဂိုလ်, အဆောတလျင် နိုင်ထက်ကလူ လုယူနှိပ်စက်တတ်သောပုဂ္ဂိုလ်တို့၏ အဆွေခင်ပွန်းဖြစ်လာခြင်းတို့ ဖြစ်ပါသည်။ (၆-မှတ်)

**မိတ်ဆွေအတု ၄-ယောက်**

အညဒတ္ထုဟရ = စင်စစ်ကေန်အမှန်အားဖြင့် ကိုယ်ပိုင်မပါဆောင်ရွံသာ ဆောင်တတ်သော ပုဂ္ဂိုလ်

ဝစီပရမ = ပစ္စည်းမပါ စကားသာ အပိုင်းအခြားအတိုင်းအရှည်ရှိသော ပုဂ္ဂိုလ်

အနုပ္ပိယဘာဏီ = ကောင်းဆိုးနှစ်တန် အလိုအကြံကို ကေန်လိုက်၍ ပြောဆိုတတ်သောပုဂ္ဂိုလ်

အပါယသဟာယ = စည်းစိမ်ပျက်ကြောင်း လမ်းမကောင်းရာ၌ အပေါင်းအဖော်ဖြစ်သော ပုဂ္ဂိုလ်

(၁-မှတ်စီ ၄-မှတ်)

၇-မေး။ အာဋ္ဌာနာဋိယသုတ်ကို ရွတ်ဆိုပူဇော်သူတို့ကို နှောက်ယှက်သော ဘီလူးတို့အား နတ်တို့က မည်သို့ အရေးယူပါသနည်း? ရှင်းပြ၍၊ ဘုရားရှင်နှင့်တကွ ရဟန်းပရိတ်သတ်, လူပရိတ်သတ်တို့ ခန်းမတွင်း၌ နေရာယူထိုင်ကြပုံကိုလည်း ယခုခေတ် လူများသိအောင် သင်္ဂီတိသုတ်အရ ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ (၁) ထိုဘီလူးသည် ရွာ၌လည်းကောင်း ပူဇော်ခြင်းကိုသော်လည်းကောင်း, အလေးပြုခြင်းကိုသော် လည်းကောင်း မရတော့ပါ။

(၂) အာဋကမန္ဒအမည်ရှိသော မင်းနေပြည်၌ နေရာအိမ်ကိုသော်လည်းကောင်း, အမြဲနေရာအရပ်ကိုသော် လည်းကောင်း မရတော့ပါ။

(၃) ထိုဘီလူးသည် ဘီလူးတို့၏ ပေါင်းစုံရာအရပ်သို့ သွားခြင်းငှာ မရတော့ပါ။

(၄) ထိုဘီလူးကို ဘီလူးတို့သည် သမီးယူခြင်းငှာ မထိုက်သည်ကိုလည်းကောင်း, သမီးပေးခြင်းငှာ မထိုက်သည်ကို လည်းကောင်း ပြုကုန်၏။

(၅) အတ္တဘောကိုဆောင်၍ ပြည့်စုံကုန်သော ဆဲရေး ရေရွတ်ခြင်းတို့ဖြင့် ဆဲရေးကုန်၏။

(၆) ဘီလူးတို့သည် အချိုးနှိုးသော သံခွက်ကိုလည်း ထိုဘီလူး၏ဦးခေါင်း၌ လည်မျိုရောက်အောင် မှောက်ကြ ကုန်၏။

(၇) ဘီလူးတို့သည် ထိုဘီလူး၏ဦးခေါင်းကို ခုနစ်စိတ် ခွဲကြကုန်၏။ (၁-မှတ်စီ၊ ၇-မှတ်)

မြတ်စွာဘုရားသည် အလယ်ဖြစ်သော တိုင်ကိုမှီ၍ အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူလျက် ထိုင်၏၊ ရဟန်းသံဃာသည် အနောက်နံရံကို မှီ၍ အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူကြလျက် မြတ်စွာဘုရားကို ရှေ့၌ ထားကြ၍ ထိုင်ကြကုန်၏။ မလမင်းတို့သည် အရှေ့ဖြစ်သော နံရံကိုမှီ၍ အနောက်သို့ မျက်နှာမူ ကြလျက် မြတ်စွာဘုရားကို ရှေ့၌ထားကြ၍ ထိုင်ကြကုန်၏။ (၃-မှတ်)

၈-မေး။ အပရေပိ တယော အဂ္ဂီ-၌ မီးသုံးမျိုးကို ဖော်ပြ၍၊ သတ္တ ပုဂ္ဂလာ ဒက္ခိဏေယျာ-၌ သတ္တသရုပ်ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ (၁) အာဟုနေယျဂ္ဂိ = သားသမီးတို့က ပူဇော်အပ်သော ပစ္စည်းကို ခံယူထိုက်သော မိဘတည်းဟူသော မီး၊

(၂) ဂဟပတဂ္ဂိ = အိမ်ရှင်လင်ယောကျ်ားတည်းဟူသော မီး၊

(၃) ဒက္ခိဏေယျဂ္ဂိ = ပေးလှူအပ်သောပစ္စည်းဝတ္ထုကို ခံထိုက်သောရဟန်းသံဃာတည်းဟူသော မီး၊

သတ္တသရုပ် = ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်, ပညာဝိမုတ္တပုဂ္ဂိုလ်, ကာယသက္ခိပုဂ္ဂိုလ်, ဒိဋ္ဌိပတ္တပုဂ္ဂိုလ်, သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်, ဓမ္မာနုသာရီပုဂ္ဂိုလ်, သဒ္ဓါနုသာရီပုဂ္ဂိုလ် (၁၀-မှတ်)

---

၉-မေး။ စတုရာပဿေနော- စကားအရ လေးပါးသော မှီရာရှိ၏ဟူသည် အဘယ်နည်း? ဖြေဆို၍၊ ဗဟုပကာရ-အရ ကျေးဇူးများသော တရားလေးမျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ထင်လာသောဉာဏ်ဖြင့် အချို့သော လေးပါးသောပစ္စည်းကို သုံးဆောင်မှီဝဲ၏၊ အချို့သောသီတဥဏှအစရှိသည်ကို သည်းခံ၏၊ အချို့သော ဆင်ကြမ်း မြင်းကြမ်း အစရှိသည်ကို ရှောင်ကြဉ်၏၊ အချို့သော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ကို ပယ်ဖျောက်၏။

(၆-မှတ်)

(၁) ပဋိရူပဒေသဝါသ (၂) သပ္ပုရိသူပနိဿယ (၃) အတ္တသမ္မာပဏိဓိ (၄) ပုဗ္ဗေစ ကတပုညတာ။

(၄-မှတ်)

---

၁၀-မေး။ အောက်ပါသုတ်တို့၏ ဟောရာဌာနတို့ကိုလည်း မှန်ကန်စွာ ဖော်ပြခဲ့ပါ။

(က) စက္ကဝတ္တိသုတ်၊ (ခ) သမ္ပသာဒနီယသုတ်၊ (ဂ) ပါသာဒိကသုတ်၊ (ဃ) အာဋာနာဋိယသုတ်၊ (င) သင်္ဂီတိသုတ်

ဖြေ။ (က) မဂဓတိုင်း မာတုလမြို့ (ခ) နာဠန္ဒမြို့ ပါဝါရိကမ္ဗဝန (ဂ) သက္ကတိုင်း ဝေဓညသရက်ဥယျာဉ် (ဃ) ရာဇဂြိုဟ်မြို့ ဂိဇ္ဈကူဋ်တောင် (င) မလ္လတိုင်း ပါဝါမြို့ စုန္ဒသရက်ဥယျာဉ်။ (၂-မှတ်စီ၊ ၁၀-မှတ်)

# ၁၃၈၀ ခု.(2028)

## အုပ်စု(၂)

## ပါထိက ပါဠိတော် မြန်မာပြန် မေးခွန်း+ အဖြေလွှာ

မေး ၁။ ဝေသာလီပြည်ရှိ စေတီ (နတ်ကွန်း) တို့ကို တည်နေရာနှင့်တကွ ညွှန်ပြ၍၊ သတ္တဝါတို့ သည် အကြောင်းမဲ့ (သူ့အလိုလို) ဖြစ်ပေါ်လာကုန်၏-ဟူသော မိစ္ဆာဝါဒကို ပိဋကတ်ကျွမ်းကျင် ပညာရှင်ပီပီ အဂ္ဂညပညတ်ကို ရှု၍ အချက်ကျကျ ချေဖျက်ပြခဲ့ပါ။

အဖြေ ၁။ ဝေသာလီပြည်ရှိ စေတီ(နတ်ကွန်း)များ တည်နေရာနှင့်တကွ - အရှေ့အရပ်၌ ဥဒေနစေတီ၊ တောင်အရပ်၌ ဂေါတမကစေတီ၊ အနောက်အရပ်၌ သတ္တမ္ဗစေတီ၊ မြောက်အရပ်၌ ဗဟုပုတ္တကစေတီ။ (ပါ- ၇/ ပြန်- ၈)

သတ္တဝါတို့သည် အကြောင်းမဲ့ ဖြစ်ပေါ်လာကုန်၏-ဟူသော ဝါဒသည် အသညသတ်ဘုံမှ စုတေ၍ လူ့ပြည်၌ ဖြစ်လာသော ပုဂ္ဂိုလ်တစ်ယောက်သည် ရသေ့, ရဟန်းဖြစ်ပြီး တရားကျင့်ကြံသဖြင့် ပဋိသန္ဓေ သညာမျှကို အောက်မေ့နိုင်သော သမာဓိကို ရခြင်းကြောင့် သူ၏ရှေးဘဝကို ပြန်လည်ဆင်ခြင် လသော် ဘာကိုမျှ မမြင်ရသဖြင့် 'အတ္တသည် လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်၏၊ အဘယ့်ကြောင့် ဆိုသော် ငါသည်ရှေး၌ မရှိခဲ့ဘဲ ယခုမှဖြစ်လာ၏'ဟု ကြံစည်စဉ်းစားကာ အကြောင်းမဲ့ ဖြစ်ပေါ်ခြင်း(အဓိစ္စသမုပ္ပန္န)ဝါဒကို တည်ထောင်ထားသောကြောင့် မမှန်ကန်ခြင်းဖြစ်ပါသည်။ (ပါ- ၂၈/ ပြန်- ၂၇)

မေး ၂။ စကြာမင်းတို့၏ တရားနှင့်အညီ စောင့်ရှောက်မှုကို ခံယူထိုက်သူတို့ကို ဖော်ပြ၍၊ လူတို့၏သက်တမ်း အနှစ်တစ်သောင်းမှ အနှစ်ငါးထောင်သို့ လျော့ကျရခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ ၂။ စကြာမင်း၏ စောင့်ရှောက်မှုခံထိုက်သော ပုဂ္ဂိုလ်များ-

၁။ အတွင်းနေ သားမယားစသည်များ။
၂။ စစ်သည်ဗိုလ်ပါအပေါင်း။
၃။ အရံမင်း။
၄။ ပုဏ္ဏားနှင့်အမျိုးသား။
၅။ နိဂုံးဇနပုဒ်သား။
၆။ သမဏ, ဗြာဟ္မဏ။
၇။ သားငှက်အပေါင်း။ (ပါ-၅၀/ ပြန်- ၅၂)

လူတို့၏ သက်တမ်းအနှစ်တစ်သောင်းမှ အနှစ်ငါးထောင်သို့ လျော့ကျရခြင်း အကြောင်း- အနှစ်တစ်သောင်း အသက်ရှည်သောလူတို့တွင် အချို့သည်အဆင်း လှကုန်၏၊ အချို့ကား မလှကုန်၊ ထိုသူတို့တွင် အဆင်းမလှသူတို့က အဆင်းလှသူတို့အား တပ်မက်ကုန်၍ သူတစ်ပါးတို့၏ သားမယားတို့ကို လွန်ကျူးကြသောကြောင့်။ (ပါ- ၅၇/ ပြန်- ၅၉)

မေး ၃။အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌---

(က) အမျိုးသမီးတို့ လက်ထပ်ထိမ်းမြားနိုင်သော အရွယ်၊

(ခ) ဖြစ်ပေါ်နိုင်သော ရောဂါများ၊

(ဂ) တိုင်းပြည်အုပ်ချုပ်မည့် ရှင်ဘုရင်အမည်၊

(ဃ) ၎င်းဘုရင်၏ နန်းစိုက်ရာမြို့အမည်နှင့် အခြံအရံမြို့အရေအတွက်၊

(င) ၎င်းဘုရင် နေထိုင်ရာ ပြာသာဒ်ဆောင်ကို ဆောက်လုပ်သူနှင့် အဘယ်သူအတွက် ရည်ညွှန်း၍ ဆောက်လုပ်အပ်သည်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ ၃။ အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ----

(က) အနှစ်ငါးရာ အသက်ရှိသော အမျိုးသမီးများ။

(ခ) တပ်မက်ခြင်း၊ ဆာလောင်ခြင်း၊ အိုခြင်းဟူသော ရောဂါသုံးမျိုး။

(ဂ) သင်္ခစကြာမင်း။

(ဃ) နန်းစိုက်ရာမြို့- ကေတုမတီမြို့။ အခြံအရံမြို့ပေါင်း- ရှစ်သောင်းလေးထောင်။

(င) ပြာသာဒ်ဆောင် ဆောက်လုပ်သူ- ဝိသကြုံနတ်သား။ မဟာပနာဒမင်းအတွက် ရည်ရွယ်၍ဆောက်လုပ်ပါသည်။ (ပါ- ၆၂-၆၃/ မြန်- ၆၅-၆၆)

မေး ၄။ မာနသည် အရာရာကို ဆုံးရှုံးစေနိုင်၏-ဟု ဆိုရာ ကမ္ဘာဦးလူသားတို့၏ မာနကြောင့် ဆုံးရှုံးရသော အရာတို့ကို ရှာဖွေဖော်ထုတ်ပြ၍၊ ၎င်းကမ္ဘာဦးလူသားတို့က အဓမ္မ, အယုတ်တရား တို့ဟူ၍သမုတ်ကာ ယခုခေတ် နှောင်းလူတို့ကဓမ္မ, အမြတ်တရားတို့ဟူ၍ သမုတ်အပ်သော အရာတို့ကို ဖော်ပြခဲ့ပါ။

အဖြေ ၄။ ကမ္ဘာဦးလူသားတို့ မာနကြောင့်ဆုံးရှုံးရသော အရာများ-

၁။ အရသာနှင့်ပြည့်စုံသော မြေဆီ။

၂။ မြေလွှာ။

၃။ အလွန်ချိုသောနွယ်(နွယ်ချို)။ (ပါ- ၇၀-၇၁-၇၂/ မြန်- ၇၆-၇၇-၇၈)

အဓမ္မ, ဓမ္မ-ဟု သမုတ်အပ်သောအရာ- အိမ်ထောင်မှု။

အယုတ်(ဟီန), အမြတ်(ပဏီတ)-ဟု သမုတ်အပ်သောအရာ- ဝေဒကျမ်းများ ပို့ချပြုစုမှု။

(ပါ- ၇၄-၇၈/ မြန်- ၇၉-၈၃)

မေး ၅။ အရှင်သာရိပုတ္တရာမထေရ် ဘုရားရှင်အား လျှောက်ထားအပ်သော ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားရပ် (သီဟနာဒ)ကို ဖော်ပြ၍၊ ပညာဝိမုတ္တပုဂ္ဂိုလ်နှင့် ကာယသက္ခီပုဂ္ဂိုလ်တို့၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ ၅။ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကား(သီဟနာဒ)-

မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၌ ဤသို့ ကြည်ညိုပါ၏၊ အလုံးစုံသော တရားတို့ကို ပိုင်းခြား၍ သိတော်မူခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်း ရှေးကလည်းမရှိစဘူး၊ နောင်လည်း မရှိလတံ့၊ ယခုလည်း မရှိ၊ ဤသို့ ကြည်ညိုပါ၏။

(ပါ-၈၂/ မြန်- ၈၇)

ပညာဝိမုတ္တပုဂ္ဂိုလ်- မဂ်ပညာဖြင့်သာ ကိလေသာမှ လွတ်မြောက်သောပုဂ္ဂိုလ်။

ကာယသက္ခီပုဂ္ဂိုလ်- နာမကာယဖြင့် ဝိမောက္ခရှစ်ပါးသို့ရောက်၍ နိရောဓသစ္စာကို မျက်မှောက်ပြုသောပုဂ္ဂိုလ်။ (ပါ- ၈၇/ မြန်- ၉၄)

မေး၆။ ဝစီဒုစရိုက်တို့ဖြင့် ညစ်ပေနေသော လောကကြီးထဲ၌ ဝစီဒုစရိုက်ကင်းကင်းဖြင့် စကားပြောကောင်းသူတစ်ယောက်ဖြစ်စေရန်ညွှန်ပြတော်မူသည့် စကားပြောနည်း နိဿယည်းကို သမ္ပသာဒနီယသုတ် ရှုကာဖော်ပြ၍၊ ၎င်းစကားပြောနည်းကို အဘယ်သူသည်, အဘယ်သူ့အား, အဘယ်အရပ်၌ လျှောက်ထားခဲ့ပါသနည်း? ဖော်ပြခဲ့ပါ။

အဖြေ ၆။ စကားပြောနည်း နိဿရည်း-

မုသာဝါဒနှင့်စပ်သောစကားကို မဆိုခြင်း၊ ကွဲပြားစေတတ်သော စကားကို မဆိုခြင်း၊ ဂုံးချောသော စကားကို မဆိုခြင်း၊ အမျက်ညှင်းဆဲချုပ်ချယ်သောစကားကို မဆိုခြင်း၊ အောင်နိုင်ခြင်းသို့ ရှေးရှုသည်ဖြစ်၍ မဆိုခြင်း၊ ပညာဖြင့် ဆင်ခြင်၍ နှလုံး၌ ထားသင့်သောစကားကို ဆိုခြင်း-ဟူသော အချက်တို့နှင့် ပြည့်စုံအောင် ပြောဆိုရပါမည်။

(ပါ- ၈၈/ မြန်- ၉၅)

ယင်းစကားပြောနည်းကို အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား နာဠန္ဒမြို့၊ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ (တဆင့်ပြန်လည်) လျှောက်ထားခဲ့ပါသည်။

(ပါ- ၈၈-၈၂/ မြန်- ၉၅-၈၇)

မေး ၇။ သင်္ဂါယနာတင်ထိုက်သော တရားတို့ကို ဖော်ပြ၍၊ အာသဝေါကုန်ပြီး ပုဂ္ဂိုလ်ကြီးတို့ မပြုလုပ်တော့သည့် အလုပ်ကိစ္စတို့ကိုလည်း ပြည့်ပြည့်စုံစုံ ရေးသား ဖော်ပြခဲ့ပါ။

အဖြေ ၇။ သင်္ဂါယနာတင်အပ်သောတရားများ-

သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနှစ်ပါး၊ အရိယမဂ္ဂင် ရှစ်ပါးတရားတော်များ ဖြစ်ပါသည်။

(ပါ- ၁၀၅/ ပြန်- ၁၁၈)

အာသဝေါကုန်ပြီး ပုဂ္ဂိုလ်ကြီးတို့ မပြုလုပ်တော့သည့် အလုပ်ကိစ္စများ-

သေစေလို၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချခြင်း၊ မပေးလိုသည်ကို ခိုးလိုသောစိတ်ဖြင့် ခိုးယူခြင်း၊ မေထုန်အကျင့်ကို မှီဝဲခြင်း၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊ ရှေးလူဖြစ်စဉ်အခါက ပြုလုပ်သကဲ့သို့ ဝတ္ထုကာမ ကိလေသာကာမတို့ကို စုဆောင်းသိုမှီး၍ သုံးဆောင်ခြင်း၊ ချစ်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၊ မုန်းသဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၊ မသိသဖြင့် မလားအပ်သည့်အရာသို့ လားခြင်း၊ ကြောက်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်း။

(ပါ- ၁၁၀/ ပြန်- ၁၂၄-၁၂၅)

မေး ၈။ ဘုရားရှင်၏ ခန္ဓာကိုယ်တော်ဝယ် အသားတော် ပြည့်ဖြိုး၍နေသော အရပ်ဌာန (၇)ခုတို့ကို ရေတွက်ပြ၍၊ ၎င်းလက္ခဏာတော်ကို ရရှိခြင်း၏ အကြောင်းရှေးကောင်းမှုကံကို လည်း ဖော်ပြခဲ့ပါ။

အဖြေ ၈။ အသားတော်ပြည့်ဖြိုးနေသော အရပ် (၇) ခု- လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုပ် ဟူသော အရပ် (၇) ခုတို့ ဖြစ်ပါသည်။

အကြောင်းကံ-ရှေးဘဝ လူဖြစ်စဉ်အခါက မြတ်သောအရသာရှိသော ခဲဖွယ် စားဖွယ် သာယာဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ပေးလှူခဲ့သောကြောင့်။

(ပါ- ၁၂၄/ ပြန်- ၁၄၂)

မေး ၉။သိင်္ဂါလသတို့သားအား ဘုရားရှင် ညွှန်ကြားအပ်သည့် အရှေ့အရပ်မည်သောအရာကို ဖော်ပြ၍၊ ၎င်းအရာနှင့်ပက်သက်၍ မည်သို့မည်ပုံ ပြုမူကျင့်ကြံရမည်ကိုလည်း ညွှန်ပြပြီးလျှင်၊ ယင်းသို့ ပြုမူကျင့်ကြံခြင်းကြောင့် ရရှိလာမည့် အကျိုးအာနိသင်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

အဖြေ ၉။ အရှေ့အရပ်မည်သောအရာ- အမိ, အဖ။

ယင်းအရှေ့အရပ်မည်သော အမိ, အဖတို့ကို အချက် (၅) ချက်ဖြင့် ပြုစုရမည်၊

၁။ "ငါ့ကို ငါ့မိဖတို့သည် မွေးမြူအပ်၏၊ ငါသည် ထိုမိဖတို့ကို ပြန်၍ မွေးမြူမည်၊

၂။ ထိုမိဘတို့၏ အမှုကိစ္စကို ပြုမည်၊

၃။ မိဖတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း, အစဉ်အဆက်မှလာသော ကုသိုလ်ဝတ်ကို ပြုခြင်းဖြင့် အမျိုးအနွယ်ကို တည်စေမည်၊

၄။ အမွေခံထိုက်အောင် (မိဖတို့၏ အဆုံးအမကို) လိုက်နာကျင့်ကြံမည်၊

၅။ ထိုမှတပါးကွဲကွာသေလွန်သောမိဖတို့၏ အလို့ငှါ အလှူပေးမည်-ဟု ကြံစည်ကာ ပြုမူကျင့်ကြံနေထိုင်ရပါမည်။

ပြန်လည်ရရှိမည့် အကျိုးအာနိသင်-

၁။ မကောင်းမှုမှ တားမြစ်ခြင်း၊

၂။ ကောင်းမှု၌ သက်ဝင်စေခြင်း၊

၃။ အတတ်ကို သင်စေခြင်း၊

၄။ လျောက်ပတ်သောမယားနှင့် ထိမ်းမြားပေးခြင်း၊

၅။ လျောက်ပတ်သောအချိန်၌ အမွေဥစ္စာကို အပ်နှင်းခြင်း-ဟူသော အချက်(၅) ချက်ဖြင့်စောင့်ရှောက်ခံရခြင်း ဖြစ်ပါသည်။

မေး ၁၀။အာဋာနာဋိယသုတ်တော်၌ နတ်မင်းကြီးလေးယောက် ဘုရားဖူးလာရာတွင် လိုက်ပါလာသော နတ်ပရိသတ်တို့၏ဘုရားရှင်ရှေ့တော်မှောက်ဝယ် နေထိုင်ကြပုံ ခြင်းရာစုံကို တင်ပြ၍၊ အရှင်သာရိပုတ္တရာ ပြန်လည် ဟောကြားအပ်သောအစုသုံးပါး တရားတော်တို့တွင် သံယောဇဉ်သုံးပါး တရားသရုပ်ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

အဖြေ ၁၀။ ဘုရားရှင်ရှေ့မှောက်၌ နေထိုင်ပုံ ခြင်းရာစုံ-

ထိုနတ်တို့တွင် အချို့သောနတ်တို့သည် မြတ်စွာဘုရားကိုရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ ကုန်၏၊ အချို့သောနတ်တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီလျက် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် (မိမိတို့)အမည်,အနွယ်ကို ပြောကြား၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် တိတ်ဆိတ်စွာ တခုသောနေရာ၌ ထိုင်နေကုန်၏။

(ပါ- ၁၅၈/ မြန်- ၁၇၇)

သံယောဇဉ်တရား သုံးပါး- သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ။

## ၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ
## ပါထိကဝဂ်ပါဠိတော် မြန်မာပြန်မေးခွန်းနှင့် အဖြေများ

၁။ ကောရခတ္တိယတက္ကတွန်းနှင့်ကဠာရမဋ္ဋကတက္ကတွန်းတို့၏ ဘဝအဆုံးသတ်ပုံကို ရေး၍ ပါထိကပုတ္တတက္ကတွန်း၏ ကြွားဝါသော စကားကို ကြားတော်မူပြီး သုနက္ခတ်အား မြတ်စွာ ဘုရားက အဘယ်သို့ မိန့်ကြားပါသနည်း ဖြေဆိုပါ။

ကောရခတ္တိယတက္ကတွန်းသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်သော ရောဂါဖြင့် သေလေ၏၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာဖြစ်၏၊ သေပြီးသော် ထိုသူကို ပြိတ်မြက်တောရှိသော သင်္ချိုင်း၌ စွန့်ကြကုန်၏။ (ပိုဒ်-၈)

ကဠာရမဋ္ဋကတက္ကတွန်းသည် လူဂုဏ်ကိုဂုဏ်၍ ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်းမုန့်ကို စားပြီးလျှင် အားလုံးသော ဝေသာလီပြည်ရှိ စေတီနတ်ကွန်းတို့ကို လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလေ၏။ (ပိုဒ်-၁၃)

<u>မိန့်ကြားပုံ........</u>

သုနက္ခတ် အဂုဏ်မဂုဏ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန်မထိုက်၊ ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပျက်၍ ကျရာ၏ဟု မိန့်တော်မူသည်။ (ပိုဒ်-၁၆)

၂။ နိဂြောဓပရိဗိုဇ်သည် သန္ဓာနသူကြွယ်အား မြတ်စွာဘုရား အပေါ်၌ မှတ်ချက်ပြု ပြောကြားပုံကို ရေးသားခဲ့ပါ။

သန္ဓာနသူကြွယ် သင်သိပါ၏လော၊ ရဟန်းဂေါတမသည် အဘယ်သူနှင့်အတူ စကားပြောသနည်း၊ အဘယ်သူနှင့် ဆွေးနွေးသနည်း၊ အဘယ်သူနှင့် စကားယှဉ်ပြိုင်ခြင်းဖြင့် ပညာအရာ၌ ထင်ရှားခြင်းသို့ ရောက်သနည်း၊ ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေသဖြင့် ပျောက်ပျက်၏၊ ရဟန်းဂေါတမသည် ပရိသတ်ထဲ ဝင်ပုံ့သူမဟုတ်၊ စကားပြောခြင်းငှာ မစွမ်းနိုင်၊ ထိုရဟန်းဂေါတမသည် ဝေးကွာသော တောကျောင်းတို့ကိုသာ မှီဝဲနေထိုင်၏၊ ဥပမာအားဖြင့် ကန်းသောနွားမသည် နွားတို့၏ အစွန်အဖျား၌ ကျက်စားလေ့ရှိသည်ဖြစ်၍ အစွန်အဖျားအရပ်တို့ကိုသာ မှီဝဲသကဲ့သို့ ဤအတူသာလျှင်

ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေသဖြင့် ပျောက်ပျက်၏၊ ရဟန်းဂေါတမသည် ပရိသတ်ထဲ ဝင်ပုံ့သူမဟုတ်၊ စကားပြောခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည် ဝေးကွာသော တောကျောင်းတို့ကိုသာ မှီဝဲနေထိုင်၏၊ သူကြွယ် စင်စစ်သော်ကား ရဟန်းဂေါတမသည် ဤပရိသတ်ရှိရာသို့ လာငြားအံ့၊ ထိုရဟန်းဂေါတမကို ပြဿနာ တစ်ချက်တည်းဖြင့်

ချောက်ချားစေနိုင်ကုန်ရာသည်၊ ရေမရှိသော အိုးကဲ့သို့ လှည့်ပတ်ဖွဲချည်နိုင်ကုန်ရာသည်ဟု ထင်၏ဟု မှတ်ချက်ပြု ပြောကြား၏။ (ပိုဒ်-၅၃)

၃။ မိန်းမ,ယောက်ျားတို့သည် အာဒံနှင့်ဧဝတို့က အစပြုခဲ့သည်ဟု ပြောဆိုနေကြရာ မိန်းမ,ယောက်ျားနှင့် လိင်ကိစ္စ စတင်ဖြစ်ပေါ်လာပုံကို မြတ်စွာဘုရား မိန့်တော်မူသည့် အတိုင်း အဂ္ဂညသုတ်မှ ထုတ်ပြပါ။

အကြင်အကြင် အခြင်းအရာအားဖြင့် ထိုသတ္တဝါတို့သည် ထင်းဖြင့် မချက်ရသော သလေးဆန်ကို စားကုန်လျက် ထိုသလေးဆန်လျှင် အစာရှိကုန်လျက်၊ ထိုသလေးဆန်လျှင် အာဟာရရှိကုန်လျက်၊ ရှည်စွာသော ကာလပတ်လုံးတည်ကုန်၏၊ ထိုထို အခြင်းအရာ အားဖြင့် ရှေးကထက် ပိုမို၍ ထိုသတ္တဝါတို့၏ ကိုယ်၌ ကြမ်းတမ်းခြင်း အဖြစ်သည်လည်း ကျရောက်၏၊ အဆင်းဖောက်ပြန်ခြင်းသည်လည်း ထင်ရှား၏၊ မိန်းမအားလည်း မိန်းမလိင်သည် ထင်ရှားဖြစ်၏၊ ယောကျာ်းအားလည်း ယောက်ျားလိင်သည် ထင်ရှားဖြစ်၏၊ မိန်းမသည်လည်း ယောကျာ်းကို တစိန်းစိန်းကြည့်၏၊ ယောက်ျားသည်လည်း မိန်းမကို တစိန်းစိန်းကြည့်၏၊ အချင်းချင်း တစိန်းစိန်းကြည့်ကုန်သော ထိုမိန်းမ ယောက်ျားတို့အား ပြင်းစွာတပ်မက်ခြင်း ရာဂသည် ထင်ရှားဖြစ်လေ၏၊ ရာဂကြောင့်ဖြစ်သော ပူပန်ခြင်းသည် ကိုယ်၌ ကျရောက်၏၊ ထိုမိန်းမ ယောက်ျားတို့သည် ရာဂကြောင့်ဖြစ်သော ပူပန်ခြင်းကြောင့် မေထုန်အကျင့်ကို မှီဝဲကုန်၏။

(ပိုဒ်-၁၂၆)

၄။ ယနေ့ခေတ် နိုင်ငံအများစုတွင် သမ္မတရွေးကောက်ပွဲများ ကျင်းပနေကြရာ သမ္မတနှင့်စပ်၍ ကမ္ဘာဦးအစ မဟာသမ္မတမင်း ဖြစ်ပေါ်လာပုံကို ရှင်းလင်းဖြေဆိုပါ။

ထိုအခါ သတ္တဝါတို့သည် စည်းဝေးကုန်၏၊ စည်းဝေးကုန်ပြီးသော် ညည်းတွားကြကုန်၏၊ အချင်းတို့ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ကုန်ပြီတကား၊ အကြင့်ကြောင့် မပေးဘဲ ယူခြင်းသည် ထင်ရှား၏၊ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏၊ မဟုတ်မမှန် ပြောခြင်းသည် ထင်ရှား၏၊ တုတ်ကိုင်ခြင်းသည် ထင်ရှား၏၊ ထို့ကြောင့် ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချသော ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့သော နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်သော တစ်ယောက်သောသူကို ငါတို့သမုတ်ကုန်အံ့၊ ထို့ပြင် ငါတို့သည် ထိုသူအား သလေးဆန်တို့၏ အဖို့အစုကို ပေးကုန်အံ့ဟု ညည်းတွားပြောဆိုကြကုန်၏၊ ထိုအခါ ထိုသတ္တဝါတို့သည် ထိုသတ္တဝါတို့တွင် အလွန်အဆင်းလှသော အလွန်ရှုချင်ဖွယ်ရှိသော အလွန်ကြည်ညိုဖွယ်ရှိသော အလွန်တန်ခိုးကြီးသော သတ္တဝါထံ ချဉ်းကပ်၍၊ အရှင်လူ လာပါလော့၊ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချပါလော့၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့ပါလော့၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်ပါလော့၊ ကျွန်ုပ်တို့ကား သင့်အား သလေးဆန်တို့၏ အဖို့အစုကို ပေးပါကုန်အံ့ဟု ဆိုကြကုန်၏၊ ထိုသတ္တဝါသည် အချင်းတို့ ကောင်းပါပြီဟု ထိုသတ္တဝါတို့အား ဝန်ခံ၍ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချ၏၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့၏၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်၏၊ ထိုသူတို့သည်ကား ထိုသူအား သလေးဆန်တို့၏

အမှိုအစုကို ပေးကြကုန်၏၊ ဤသို့ လူအများတို့သည် သမုတ်အပ်သောကြောင့် "မဟာသမ္မတ မဟာသမ္မတ" ဟူသော ပထမဂေါဟာရ ရှေးဦးစွာ ခေါ်ဆိုခြင်းသည် ဖြစ်၏။ (ပိုဒ်-၁၃၀\၁)

၅။ ကမ္ဘာလောကကြီးတွင် လူဦးရေသန်းပေါင်းများစွာ ရှိသော်လည်း အမိဂမ်း၌ ပဋိသန္ဓေယူပုံသည် (၄)မျိုးသာရှိကြောင်းကို ရှင်သာရိပုတ္တရာ လျှောက်တင်သည့်အတိုင်း သိသာစွာ ဖြေဆိုပါ။

ပဋိသန္ဓေယူပုံ(၄)မျိုး

ဤလူ့ပြည်၌ အချို့သူသည် မသိမူ၍ တွေဝေလျက် အမိဂမ်းသို့ သက်ဝင်၏၊ မသိမူ၍ တွေဝေလျက် အမိဂမ်း၌ တည်နေ၏၊ မသိမူ၍ တွေဝေလျက် အမိဂမ်းမှ ထွက်ခွာ၏၊ (၁)

ဤလူ့ပြည်၌ အချို့သူသည် သိလျက် မတွေဝေမူ၍ အမိဂမ်းသို့ သက်ဝင်၏၊ မသိမူ၍ တွေဝေလျက် အမိဂမ်း၌ တည်နေ၏၊ မသိမူ၍ တွေဝေလျက် အမိဂမ်းမှ ထွက်ခွာ၏၊ (၂)

ဤလူ့ပြည်၌ အချို့သူသည် သိလျက် မတွေဝေမူ၍ အမိဂမ်းသို့ သက်ဝင်၏၊ သိလျက် မတွေဝေမူ၍ အမိဂမ်း၌ တည်နေ၏၊ မသိမူ၍ တွေဝေလျက် အမိဂမ်းမှ ထွက်ခွာ၏၊ (၃)

ဤလူ့ပြည်၌ အချို့သူသည် သိလျက် မတွေဝေမူ၍ အမိဂမ်းသို့ သက်ဝင်၏၊ သိလျက် မတွေဝေမူ၍ အမိဂမ်း၌ တည်နေ၏၊ သိလျက် မတွေဝေမူ၍ အမိဂမ်းမှ ထွက်ခွာ၏၊ (၄) (ပိုဒ်-၁၄၇)

၆။ သဒ္ဒါ,အနက်အဓိပ္ပါယ်တို့နှင့် ပြည့်စုံစွာ ဟောပြတတ်သော သီတင်းသုံးဖော်အား အဘယ်သို့ ပြောဆိုဆက်ဆံရပါသနည်း၊ ဖြေဆို၍၊ မြတ်စွာဘုရား မဖြေဆိုသော အတိတ်အကြောင်းနှင့် ဖြေဆိုသော အတိတ်အကြောင်းတို့ကိုလည်း ဖော်ပြပါ။

ထိုအရှင်၏ စကားကို ကောင်း၏ဟု နှစ်သက်လက်ခံအပ်၏၊ ဝမ်းမြောက်နမော် သာဓုခေါ်အပ်၏၊ ထိုပုဂ္ဂိုလ်၏ စကားကို ကောင်း၏ဟု နှစ်သက်လက်ခံကာ ဝမ်းမြောက်နမော် သာဓုခေါ်ပြီးသော် ထိုအရှင်ကို ငါ့ရှင် ငါတို့သည် အရတော်လေစွ၊ ငါ့ရှင် ငါတို့သည် ကောင်းစွာ ရအပ်လေစွ၊ အကြင်ငါတို့သည် ဤသို့အနက်ကို တတ်သိသော ဤသို့သဒ္ဒါကို တတ်သိသော ထိုသို့သဘောရှိသော သီတင်းသုံးဖော် အရှင်မြတ်တို့ကို မြင်ကြရကုန်၏ဟု ဆိုအပ်၏၊

မြတ်စွာဘုရား မဖြေဆိုသော အတိတ်အကြောင်းနှင့် ဖြေဆိုသော အတိတ်အကြောင်း

မဟုတ်မမှန်,အကျိုးနှင့် မစပ်သော အတိတ်အကြောင်း၊

ဟုတ်မှန်သော်လည်း အကျိုးနှင့်မစပ်သော အတိတ်အကြောင်းတို့ကို မဖြေဆို၊

ဟုတ်မှန်၍ အကျိုးနှင့်စပ်သော အတိတ်အကြောင်းကို ဖြေဆိုသည်။ (ပိုဒ်-၁၈၁\၇)

၇။ မြတ်စွာဘုရားအား ဇောဒိဂ်လက္ခဏာတော်,သုစုမ္ဗဝိလက္ခဏာတော်တို့နှင့် ပြည့်စုံရခြင်း၏ အကြောင်းတရားတို့ကို ဖြေဆိုပါ။

မြတ်စွာဘုရားသည် ရှေးမွေးဖွားခဲ့ရာဇာတိ၊ ရှေးဖြစ်ခဲ့ရာဘဝ၊ ရှေးနေခဲ့ရာ ဘုံဌာနတို့၌ လူဖြစ်စဉ်အခါက ဤသူတို့သည် အဘယ်သို့လျှင် လျှင်စွာသိကုန်အံ့နည်း၊ ဤသူတို့သည် အဘယ်သို့လျှင် လျှင်စွာကျင့်ကုန်အံ့နည်း၊ ကြာမြင့်စွာ မပင်မပန်းကုန်အံ့နည်းဟု ကြံစည်၍ သိပ္ပအတတ်ကိုလည်းကောင်း၊ ဝိဇ္ဇာအတတ်ကိုလည်းကောင်း၊ အကျင့်သီလကိုလည်းကောင်း၊ ကမ္မသကတာ ပညာကိုလည်းကောင်း၊ ရိုသေစွာပို့ချခဲ့၏၊ သင်ကြားပေးခဲ့၏၊ ထို့ကြောင့် ဇောဒိဂ် လက္ခဏာတော်နှင့် ပြည့်စုံတော်မူ၏။

မြတ်စွာဘုရားသည် ရှေးမွေးဖွားခဲ့ရာဇာတိ၊ ရှေးဖြစ်ခဲ့ရာဘဝ၊ ရှေးနေခဲ့ရာ ဘုံဌာနတို့၌ လူဖြစ်စဉ်အခါက သမဏကိုလည်းကောင်း၊ ဗြာဟ္မဏကိုလည်းကောင်း၊ ချဉ်းကပ်၍ အဖန်ဖန် မေးခဲ့၏၊ အရှင်ဘုရား အဘယ်သဘောသည် ကုသိုလ်မည်ပါသနည်း၊ အဘယ်သဘောသည် အကုသိုလ်မည်ပါသနည်း၊ အဘယ်သဘောသည် အပြစ်ရှိပါသနည်း၊ အဘယ်သဘောသည် အပြစ်ကင်းပါသနည်း၊ အဘယ်တရားကို မှီဝဲအပ်ပါသနည်း၊ အဘယ်တရားကို မမှီဝဲအပ်ပါသနည်း၊ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည် ရှေးစွာသောကာလပတ်လုံး အစီးပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှါ ဖြစ်ရာပါသနည်း၊ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည် ရှေးစွာသောကာလပတ်လုံး အစီးပွားရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာပါသနည်းဟု အဖန်ဖန်မေးခဲ့၏၊ ထို့ကြောင့် သုစုမ္ဗဝိလက္ခဏာတော်နှင့် ပြည့်စုံ၏။ (ပိုဒ်-၂၁၄\၆)

၈။ အတုအယောင်တွေ ပေါများလာသော ယနေ့ခေတ်ဂယ မိတ်ဆွေတု,မိတ်ဆွေစစ် ခွဲခြား သိနိုင်ရန် ဗုဒ္ဓဘုရားရှင် ညွှန်ပြတော်မူသည့် မိတ်ဆွေတု(၄)မျိုးနှင့် မိတ်ဆွေစစ်(၄)မျိုးကို ဖော်ပြပါ။

မိတ်ဆွေတု(၄)မျိုး...

(က) စင်စစ် ယူသာယူတတ်သော မိတ်ဆွေ၊ (ခ) နှုတ်မျှဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေ၊ (ဂ) အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေ၊ (ဃ) ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေ၊

<u>မိတ်ဆွေစစ်(၄)မျိုး...</u>

ကျေးဇူးပြုတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေ၊

ချမ်းသာအတူ ဆင်းရဲအတူဖြစ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေ၊

အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသောမိတ်ဆွေ၊

အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေ၊ (ပိုဒ်-၁၅၄/၂၆၀)

၉။ အောက်ပါတို့ကို ဖြေဆိုပါ။

(က) ရှာမှီးခြင်း(၃)မျိုး၊ (ခ) ထေရ်(၃)မျိုး၊ (ဂ) လက်နက်(၃)မျိုး၊ (ဃ) မာန်ယစ်ခြင်း(၃)မျိုး၊

(င) အလေးပြုခြင်း(၃)မျိုး။

(က) ကာမဂုဏ်ကို ရှာမှီးခြင်း၊ ဘဝကို ရှာမှီးခြင်း၊ တိတ္ထိတို့သည် မြတ်သောအကျင့်ဟု သမုတ်အပ်သော မိစ္ဆာအယူကို ရှာမှီးခြင်း၊

(ခ) အသက်အရွယ်အားဖြင့် ကြီးသောဇာတိထေရ်၊ တရားဂုဏ်အားဖြင့် ကြီးသော ဓမ္မထေရ်၊ သမုတ်အပ်သောအားဖြင့် ကြီးသော သမုတိထေရ်၊

(ဂ) အကြားအမြင်လက်နက်၊ ဆိတ်ငြိမ်ခြင်း ဝိဝေကလက်နက်၊ ပညာလက်နက်၊

(ဃ) အနာကင်းခြင်းဖြင့် မာန်ယစ်ခြင်း၊ အရွယ်နှင့်ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်း၊ ဇာတ်နှင့်ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်း၊

(င) မိမိကိုယ်ကို အလေးပြုခြင်း၊ လောကကို အလေးပြုခြင်း၊ တရားကို အလေးပြုခြင်း၊ (ပိုဒ်-၃၀၅)

၁၀။ ကိုးပါးသော တရားအစုတို့တွင် ပယ်အပ်သော ကိုးပါးသော တရားတို့ဟူသည် အဘယ်ပါနည်း ဖြေဆိုခဲ့ပါ။

တဏှာအကြောင်းရင်းရှိသော ကိုးပါးသော တရားတို့တည်း၊ တပ်မက်ခြင်းတဏှာကို စွဲ၍ ရှာမှီးခြင်းဖြစ်၏၊ ရှာမှီးခြင်းကို စွဲ၍ ရခြင်းဖြစ်၏၊ ရခြင်းကိုစွဲ၍ ဆုံးဖြတ်ခြင်းဖြစ်၏၊ ဆုံးဖြတ်ခြင်းကိုစွဲ၍ လိုချင်စုံမက်ခြင်း ဆန္ဒရာဂဖြစ်၏၊ လိုချင်စွဲမက်ခြင်း ဆန္ဒရာဂကို စွဲ၍ အလွန်အင်အားကြီးသော စွဲမက်ခြင်းရာဂဖြစ်၏၊ အလွန်အားကြီးသော စွဲမက်ခြင်းရာဂကို စွဲ၍ သိမ်းဆည်းခြင်းဖြစ်၏၊ သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်းဖြစ်၏၊ ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်းဖြစ်၏၊ စောင့်ရှောက်ခြင်းအကြောင်းကို စွဲ၍ ဥစ္စာဒဏ်ယူခြင်း ဓားလက်နက်ကိုင်ခြင်း ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဘက်ပြောခြင်း နင်-နင်ဟုဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ်မမှန် ပြောခြင်းဟူသော များစွာသော ယုတ်မာသော အကုသိုလ်တရားတို့တည်း။ (ပိုဒ်-၃၅၉)

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) ဒီဃနိကာယ

## ပါထိကဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၉-ရက်၊ (၂၂-၆-၂၀၂၂) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ကဋ္ဌာရမဋ္ဌကတက္ကတွန်း၏ ဆောက်တည်ထားသော ကျင့်ဝတ် ၇-မျိုးကို ဖြေဆို၍၊ အပျော်ကျူးလွန်း၍ သေရသောနတ်နှင့် ဒေါသကြီး၍ သေရသောနတ်တို့ကိုလည်း ဖော်ပြပါ။

၂။ ပရဝါဒဖြင့်ဖိတ်ကြားသဖြင့် တန်ခိုးကြီးသည်ဟု ပြောကြသည့် နိဂြောဓပရိဗိုဇ်တပည့်တို့၏ အစည်းအဝေး၌ မြတ်စွာဘုရား မိန့်ကြားခဲ့သော စကားတော်တို့ကို ဖြေပါ။

၃။ သက်တမ်းနှစ်ရာ့ငါးဆယ်ခေတ်က ဆင်းရဲခြင်းများပြားလာရာမှ ဒုစရိုက် ၁၀-ပါး ပွားများလာပုံ အဆင့်ဆင့်နှင့် သက်တမ်းတစ်ရာထိ ဆုတ်ယုတ်လာပုံတို့ကို ဖြေဆိုပါ။

၄။ "ဗြာဟ္မဏ, ဝေဿ, သုဒ္ဒ"အက္ခရာများ ပေါ်လာခြင်း၏ အကြောင်းတို့ကို ရေး၍၊ သနင်္ကုမာရဗြဟ္မာကြီးနှင့် မြတ်ဗုဒ္ဓ ရွတ်ဆိုသောဂါထာကို မြန်မာပြန်ဆိုပါ။

၅။ ပုဂ္ဂိုလ်ကိုသိစေခြင်း(ပုဂ္ဂလပဏ္ဏတ္တိ)တို့၌ ဟောကြားထားသော ပုဂ္ဂိုလ် ၇-ယောက်ကို ဖော်ပြ၍၊ အဘယ့်ကြောင့် သမ္ပသာဒနီယမည်သနည်း? ဖြေဆိုပါ။

၆။ နိဗ္ဗာန်မရနိုင်သော ပုထုဇဉ်လူသားတို့ကျင့်ကြသည့် ချမ်းသာဖို့ အားထုတ်နည်း (သုခလ္လိကာနုယောဂ) ၄-ပါးတို့ကို ဖြေဆိုပါ။

၇။ ရှေးအဆင်းရှိလက္ခဏာတော်ကြီး ရခဲ့ခြင်း၏အကြောင်းရင်းနှင့် ၎င်းလက္ခဏာတော်ကြောင့် ဘုရားဖြစ်ချိန် ရရှိသော အကျိုးတို့ကိုလည်း ဖြေဆိုပါ။

၈။ အရိယာသာဝကတို့ မမှီဝဲသည့် စည်းစိမ်ဥစ္စာများ၏ ပျက်စီးကြောင်း (ယိုပေါက်) ၆-ပါးကို ဖြေဆို၍၊ အထက်အရပ် ပုဂ္ဂိုလ်တို့၏အပေါ် ထားသင့်သော အမျိုးကောင်းသားတစ်ဦး၏ ပြည့်စုံရမည့် အင်္ဂါတို့ကို ဖြေပါ။

၉။ ဘုရား ၇-ဆူတို့၏ ဂုဏ်ရည်ထူးတို့ကို ဖြေဆို၍၊ ယက္ခသေနာပတိကြီးတို့၏ အမည်တို့ကို (၁၀)ဦးမျှ ထုတ်ပြပါ။

၁၀။ (က) ဒုတိယမီး ၃-မျိုး (ခ) မာန်ယစ်ခြင်း ၃-မျိုး (ဂ) မျက်မှောက်ပြုထိုက်သော(သာမညဖလ)တရား ၄-ပါး (ဃ) ကျေးဇူးကြီးမားသည့် ဗဟုပကာရတရား ၇-ပါး-တို့ကို အသီးသီး ဖော်ပြပါ။

**တစ်ပုဒ်လျှင် (၁၀)မှတ်စီ**

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# **အုပ်စု (၂) ပါထိကဝဂ္ဂပါဠိတော် မြန်မာပြန်**

# **မေးခွန်း နှင့် အဖြေ**

၁။ ကဠာရမဋ္ဋကတက္ကတွန်း၏ ဆောက်တည်ထားသော ကျင့်ဝတ် ၇-မျိုးကို ဖြေဆို၍၊ အပျော်ကျူးလွန်း၍ သေရသောနတ်နှင့် ဒေါသကြီး၍ သေရသောနတ်တို့ကိုလည်း ဖော်ပြပါ။

၁-ဖြေ **ကဠာရမဋ္ဋကတက္ကတွန်း၏ ဆောက်တည်ထားသော ကျင့်ဝတ်ခုနစ်မျိုး-**
အသက်ထက်ဆုံး အဝတ်မဝတ်သူဖြစ်အံ့၊ အဝတ်မဝတ်အံ့။
အသက်ထက်ဆုံး မြတ်သောအကျင့်ကိုကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မမှီဝဲအံ့။
အသက်ထက်ဆုံး သေအသားတို့ဖြင့်သာ မျှတအံ့၊ ထမင်း မုံ့မစားအံ့၊
ဝေသာလီပြည်၏အရှေ့အရပ် ဥဒေနစေတီ(နတ်ကွန်း)ကိုလွန်၍ မသွားအံ့။
ဝေသာလီပြည်၏တောင်အရပ် ဂေါတမကစေတီ(နတ်ကွန်း)ကိုလွန်၍ မသွားအံ့။
ဝေသာလီပြည်၏အနောက်အရပ် သတ္တမ္ဗစေတီ(နတ်ကွန်း)ကိုလွန်၍ မသွားအံ့။
ဝေသာလီပြည်၏မြောက်အရပ် ဗဟုပုတ္တစေတီ(နတ်ကွန်း)ကိုလွန်၍ မသွားအံ့။
(ပါ-၂၁၊ ပိုဒ်-၁၁၊ မြန်-၈။ )
ခိဍ္ဍာပဒေါသိကနတ်၊ မနောပဒေါသိကနတ်တို့ဖြစ်ပါသည်။ (ပါ-၂၅-၆၊ ပိုဒ်-၄၂-၄၊)

---

၂။ ပရဝါဒဖြင့်ဖိတ်ကြားသဖြင့် တန်ခိုးကြီးသည်ဟု ပြောကြသည့် နိဂြောဓပရိဗိုဇ်တပည့်တို့၏ အစည်းအဝေး၌ မြတ်စွာဘုရား မိန့်ကြားခဲ့သော စကားတော်တို့ကို ဖြေပါ။

၂-ဖြေ နိဂြောဓ ငါသည် ယင်းတရားတို့ဖြင့် တပည့်တို့ကို ဆုံးမဟောကြား၍ ယင်းတရားတို့ဖြင့် ငါဆုံးမဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကိုရသည်၏အစွမ်းဖြင့်) နှစ်သက်ဝမ်းသာချမ်းသို့ ရောက်ကုန်၍ ဤကား ငါဆုံးမဟောကြားကြောင်းဖြစ်သောထိုတရားကို အယူဝါဒ၌ထင်မြင်ခြင်းတစ်မျိုး, နှစ်သက်ခြင်းတစ်မျိုး, သဘောကျခြင်းတစ်မျိုး, အားထုတ်လေ့လာခြင်းတစ်မျိုး, အရာတစ်မျိုးရှိသော သင်သည် သိနိုင်ခဲ၏၊ နိဂြောဓ သင်သည် မိမိဆရာ၏ဝါဒဖြစ်သော အဓိဇေဂုစ္ဆဝါဒ၌ ငါ့အားမေးလော ‘မြတ်စွာဘုရား အဓိဇေဂုစ္ဆဝါဒသည် အဘယ်သို့ဖြစ်လျှင် စင်ကြယ်ပါသနည်း အဘယ်သို့ဖြစ်လျှင် မစင်ကြယ်ပါသနည်း’ဟု မေးလော။ (ပါ-၃၂-၃၊ ပိုဒ်-၅၆။ မြန်-၃၂ )

---

၃။ သက်တမ်းနှစ်ရာ့ငါးဆယ်ခေတ်က ဆင်းရဲခြင်းများပြားလာရာမှ ဒုစရိုက် ၁၀-ပါး ပွားများလာပုံ အဆင့်ဆင့်နှင့် သက်တမ်းတစ်ရာထိ ဆုတ်ယုတ်လာပုံတို့ကို ဖြေဆိုပါ။

၃-ဖြေ (ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးအပ်သော် ဆင်းရဲခြင်းပွားများလာကုန်၏၊) ဆင်းရဲခြင်းပွားများလာသော် သူတပါးတို့ မပေးအပ်သောဥစ္စာကို ခိုးယူမှုပွားများလာကုန်၏၊ ခိုးယူမှုပွားများလာသော် လက်နက် ပွားများလာ၏၊ ၎င်းပွားများလာသော် အသက်သတ်မှု ပွားများလာ၏၊ ၎င်းပွားများလာသော် မဟုတ်မမှန်ပြောမှု ပွားများလာ၏၊ ၎င်းပွားများလာသော် ကုံးချောမှု ပွားများလာ၏၊ ၎င်းပွာများလာသော် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွားများလာ၏၊ ၎င်းပွားများလာသော် ကြမ်းတမ်းစကား ပြိန်ဖျင်းစကား၂ပါးတို့ ပွားလာ၏၊၎င်းပွားများလာသော် လိုချင်တပ်မက်ခြင်း အဘိဇ္ဈာ, ပျက်စီးစေလိုခြင်း ဗျာပါဒတို့ ပွားများလာကုန်၏၊ ၎င်းပွားများလာသော် မှားယွင်းသောအယူဝါဒ ပွားများလာ၏၊ ၎င်းပွာများလာသော် မတရားတပ်မက်ခြင်း အဓမ္မရာဂ, အလါန်အကျူးတပ်မက်ခြင်း ဝိသမလောဘ, များသောအကျင့် မိစ္ဆာဓမ္မတရားသုံးပါး ပွားများလာ၏၊ ၎င်းတိုပွားများလာသော် အမိ၌ ကောင်းစွာပြုသင့်သောဝတ်ကို မကျင့်ခြင်း, အဖ၌. . . သမဏတို့၌. . . ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကိုမကျင့်ခြင်း အမျိုး၌ ကြီးသူကိုရိုသေလေးစားမှုမပြုခြင်းဟူသောတရားတို့ ပွာများလာ၏၊ ဤတရားတို့ပွာများလာသော် လူတို့၏သက်တမ်းသည် ဆုတ်.ုတ်၏အဆင်းလည်းဆုတ်ယုတ်၏၊ အသက်အဆင်းဆုတ်ယုတ်လာသော် အနှစ်နှစ်ရာငါးဆယ်အသက်ရှည်သော ထိုသူတို့၏ သားသမီးတို့သည် အသက်တစ်ရာရှည်ကုန်၏ ။ (ပါ-၅၉၊ ပိုဒ်-၁၀၂။ မြန်-၆၀။)

---

၄။ "ဗြာဟ္မဏ, ဝေဿ, သုဒ္ဒ"အက္ခရာများ ပေါ်လာခြင်း၏ အကြောင်းတို့ကို ရေး၍၊ သနင်္ကုမာရဗြာဟ္မာကြီးနှင့် မြတ်ဗုဒ္ဓ ရွတ်ဆိုသောဂါထာကို မြန်မာပြန်ဆိုပါ။

၄။ "ဝါသေဋ္ဌ ယုတ်ညံ့သောအကုသိုလ်တရားတို့ကို မျှောကြသောကြောင့် 'ဗြာဟ္မဏ ဗြာဟ္မဏ'ဟု အက္ခရာ-ဖြစ်၏။ (ပိုဒ်-၁၃၂)
ဝါသေဋ္ဌ ထိုသတ္တဝါတို့တွင် အချို့သတ္တဝါတို့သည် မေထုန်(အိမ်ထောင်)ပြုကုန်၍ သီးခြား(ကုန်သည်, နွားမွေးလယ်လုပ်ခြင်းစသော)အလုပ်ကို အားထုတ်ကုန်၏၊ ဝါသေဋ္ဌ မေထုန်(အိမ်ထောင်)ပြုကုန်၍ သီးခြား(ကုန်သည်, နွားမွေးလယ်လုပ်ခြင်းစသော)အလုပ်ကို အားထုတ်ခြင်းကြောင့် ဝေဿ, ဝေဿဟု အက္ခရာဖြစ်၏။(ပိုဒ်-၁၃၃)
ဝါသေဋ္ဌ ကြွင်းကျန်သော သတ္တဝါတို့သည် ကြမ်းသောအလုပ်ဖြင့် အသက်မွေးမှုရှိကုန်၏၊ သေးနုပ်သောအလုပ်ဖြင့် အသက်မွေးမှုပြုကုန်၏၊ ထို့ကြောင့် "သုဒ္ဒ, သဒ္ဒ'ဟု အက္ခရာပေါ်လာ၏။။
**သနင်္ကုမာရဗြာဟ္မာကြီးရွတ်ဆိုသောဂါထာ–**
လူတို့တွင် အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊(တိုလူတို့တွင်) မင်းမျိုးသည်မြတ်၏၊ နတ်လူအပေါင်း၌ (အကြင်သူသည်) အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့်ပြည့်စုံ၏ ထိုသူသည် မြတ်၏။ (ပါ-၈၁၊ ပိုဒ်-၁၄၁ ၊ မြန်-၈၆။ )

---

၅။ ပုဂ္ဂိုလ်ကိုသိစေခြင်း(ပုဂ္ဂလပဏ္ဏတ္တိ)တို့၌ ဟောကြားထားသော ပုဂ္ဂိုလ် ၇-ယောက်ကို ဖော်ပြ၍၊ အဘယ့်ကြောင့် သမ္ပသာဒနီယမည်သနည်း? ဖြေဆိုပါ။

၅။ အရူပသမာပတ် မဂ်ပညာနှစ်ပါးစုံဖြင့် ကိလေသာတို့မှ လွတ်သော ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊
မဂ်ပညာဖြင့်သာ ကိလေသာတို့မှ လွတ်မြောက်သော ပညာဝိမုတ္တပုဂ္ဂိုလ်၊
နာမကာယဖြင့် ဝိမောက္ခရှစ်ပါးသို့ရောက်၍ နိရောဓသစ္စာကို မျက်မှောက်ပြုသော ကာယသက္ခိပုဂ္ဂိုလ်။
ဤကားဒုက္ခသစ္စာတည်းဟု သစ္စာလေးပါးကို ကောင်းစွာသိခြင်းသို့ ရောက်သော ဒိဋ္ဌိပတ္တပုဂ္ဂိုလ်။
ဤကားဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးတရားကို သက်ဝင်ယုံကြည်၍ ကိလေသာတို့မှ လွတ်မြောက်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်။
ပညာရှေ့ဆောင်၍ အရိယာမဂ်ကို ဖြစ်စေသော ဓမ္မာနုသာရီပုဂ္ဂိုလ်။
သဒ္ဓါရှေ့ဆောင်၍ အရိယာမဂ်ကိုဖြစ်စေသော သဒ္ဓါနုသာရီပုဂ္ဂိုလ်။ (ပါ-၉၂၊ ပိုဒ်-၁၅၀။ မြန်-၉၄။ )

"သာရိပုတ္တရာ ဤတရားတော်ကို ဘိက္ခု-ဘိက္ခုနီ ဥပါသက-ဥပါသိကာပရိသတ်တို့အား မပြတ်ဟောကြားလော။ သာရိပုတ္တရာ မဂ်ဖိုလ်မှအချီးနှီးဖြစ်ကုန်သော အကြင်ယောကျ်ားတို့အား မြတ်စွာဘုရား၌ ယုံမှားခြင်း တွေးတောခြင်း သည် ဖြစ်လတ့်၊ ထိုယောကျ်ားတို့အား ဤဒေသနာတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံမှားတွေးတောခြင်း ပယ်ပျောက်လတ့်" ဤသို့ဖြင့် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံမှ ကြည်ညိုခြင်းကို ပြောကြား၏၊ထို့ကြောင့် ဤဒေသနာတော်သည် သမ္ပသာဒနီယမည်၏။ (ပိုဒ်-၁၆၃။ မြန်-၁၀၅)

---

၆။ နိဗ္ဗာန်မရနိုင်သော ပုထုဇဉ်လူသားတို့ကျင့်ကြသည့် ချမ်းသာဖို့ အားထုတ်နည်း (သုခလ္လိကာနုယောဂ) ၄-ပါးတို့ကို ဖြေဆိုပါ။

၆။ စုန္ဒ အချို့သော လူမိုက်သည် သတ္တဝါတို့ကို သတ်၍သတ်၍ မိမိကိုယ်ကိုချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဤကား ရှေးဦးစွာသော ချမ်းသာခံစားခြင်းအကျင့်တည်း။
စုန္ဒ အချို့သော လူမိုက်သည် မပေးသည်ကို ယူ၍ယူ၍ မိမိကိုယ်ကိုချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဤကား နှစ်ခုမြောက်သော ချမ်းသာခံစားခြင်းအကျင့်တည်း။
စုန္ဒ အချို့သော လူမိုက်သည်မဟုတ်မမှန်သောစကားကို ပြော၍ပြော၍ မိမိကိုယ်ကိုချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဤကား သုံးခုမြောက်သော ချမ်းသာခံစားခြင်းအကျင့်တည်း။
စုန္ဒ အချို့သော လူမိုက်သည် ငါးပါးသောကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာခံစား၏ ဤကား လေးခုမြောက်သော ချမ်းသာခံစားခြင်းအကျင့်တည်း။ (ပါ-၁၀၈၊ ပိုဒ်-၁၈၃၊ မြန်-၁၂၁-၁၂၂ )

---

၇။ ရွှေအဆင်းရှိလက္ခဏာတော်ကြီး ရခဲ့ခြင်း၏အကြောင်းရင်းနှင့် ၎င်းလက္ခဏာတော်ကြောင့် ဘုရားဖြစ်ချိန် ရရှိသော အကျိုးတို့ကိုလည်း ဖြေဆိုပါ။

၇။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးဖွားခဲ့ရာဇာတိ ဖြစ်ခဲ့ရာဘဝ နေခဲ့ရာ ဘုံဌာနတို့၌ လူဖြစ်စဉ်အခါက အမျက်မထွက်ခဲ့၊ စိတ်ပင်ပန်းခြင်းမများခဲ့။ များစွာဆိုသော်လည်း ဒေါသအစွမ်းဖြင့် အငြိုးအစွမ်းမရှိခဲ့၊ အမျက်မထွက်ခဲ့၊ စိတ်မနာခဲ့၊ ရန်ငြိုးမသိုခဲ့၊ အမကျေထွက်ခြင်းကိုဂင်း ပြစ်မှားခြင်းကိုဂင်း နှလုံးမသာယာခြင်းကိုဂင်း ထင်ရှားမပြခဲ့။
ခုံချည်ချောဖြင့်ရက်အပ်သော ဝါချည်ချောဖြင့်ရက်အပ်သော ပိုးချည်ချောဖြင့်ရက်အပ်ကုန်သော သိုးမွေးကမ္ဗလာ ချည်ဖြင့်ရက်အပ်ကုန်သော သိမ်မွေ့နူးညံ့ကုန်သော ခင်းနှီးဝတ်ရုံတို့ကို ပေးလှူခဲ့၏။
ထိုကံတော်ကြောင့် ရွှေအဆင်း နှင့်ပြည့်စုံခြင်းလက္ခဏာတော်ရပါသည်။
ယင်းလက္ခဏာကြောင့် ဘုရားဖြစ်ချိန်၌ခုံချည်ချောဖြင့်ရက်အပ်သော ဝါချည်ချောဖြင့်ရက်အပ်သော ပိုးချည်ချောဖြင့် ရက်အပ်ကုန်သော သိုးမွေးကမ္ဗလာချည်ဖြင့်ရက်အပ်ကုန်သော သိမ်မွေ့နူးညံ့ကုန်သော ခင်းနှီးဝတ်ရုံတို့ကို ရတော်မူ ခဲ့၏။ (ပါ-၁၃၀၊ ပိုဒ်-၂၁၀ ၊ မြန်-၁၄၈။ )

---

၈။ အရိယာသာဝကတို့ မမှီဝဲသည့် စည်းစိမ်ဥစ္စာများ၏ ပျက်စီးကြောင်း (ယိုပေါက်) ၆-ပါးကို ဖြေဆို၍၊ အထက်အရပ် ပုဂ္ဂိုလ်တို့၏အပေါ် ထားသင့်သော အမျိုးကောင်းသားတစ်ဦး၏ ပြည့်စုံရမည့် အင်္ဂါတို့ကို ဖြေပါ။

၈။ မေ့လျော့မူးယစ်ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိခြင်းသည် စည်းစိမ်ပျက်စီး ကြောင်းတည်း။
အခါမဲ့ခရီးသွားလာလေ့ရှိခြင်းသည် စည်းစိမ်ပျက်စီးကြောင်းတည်း။
ပွဲလမ်းသဘင်ကြည့်ရှုလေ့ရှိခြင်းသည် စည်းစိမ်ပျက်စီးကြောင်းတည်း။
မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်းသည် စည်းစိမ်ပျက်စီးကြောင်းတည်း။
မကောင်းသောအဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်းသည် စည်းစိမ်ပျက်စီးကြောင်းတည်း။
ပျင်းရိလေ့ရှိခြင်းသည် စည်းစိမ်ပျက်စီးကြောင်းတည်း။(ပါ-၁၄၈၊ ပိုဒ်-၂၄၇ ၊ မြန်-၁၆၅ )
အမျိုးကောင်းသားတစ်ဦး၏ ပြည့်စုံရမည့် အင်္ဂါတို့မှာ-
အထက်အရပ်ဖြစ်သော သမဏဗြာဟ္မဏတို့၌ မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့်လည်းကောင်း၊ မေတ္တာနှင့် ယှဉ်သော ဝစီကံမှုဖြင့်လည်းကောင်း၊ မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့်လည်းကောင်း၊ တံခါးကို ဖွင့်ထားခြင်းဖြင့် လည်းကောင်း၊ ဆွမ်းစသောအာမိသကို ပေးလှူခြင်းဖြင့်လည်းကောင်း ပြုစု ရပါမည်။ (ပါ-၁၅၅-၆၊ ပိုဒ်-၂၇၂ ၊ မြန်-၁၇၄ )

---

၉။ ဘုရား ၇-ဆူတို့၏ ဂုဏ်ရည်ထူးတို့ကို ဖြေဆို၍၊ ယက္ခသေနာပတိကြီးတို့၏ အမည်တို့ကို (၁၀)ဦးမျှ ထုတ်ပြပါ။

၉။ စက္ခုငါးပါးရှိတော်မူသော ဘုန်းကြက်သရေနှပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရား။
သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရား။
ကိလေသာတို့ စင်ကြယ်စေပြီးသော ခြိုးခြံသောအကျင့်ရှိတော်မူသော ဝေဿဘူမြတ်စွာဘုရား။
မာရ်စစ်သည်တို့ကို ဖျက်ဆီးတတ်သော ကကုသန်မြတ်စွာဘုရား။
မကောင်းမှုတို့ကို အပပြုပြီးသော ကျင့်သုံးအပ်ပြီးသောမဂ္ဂဗြဟ္မစရိယရှိတော်မူသော ကောဏာဂုံမြတ်စွာဘုရား။
အခါခပ်သိမ်း ဝိမုတ္တငါးပါးအစွမ်းဖြင့် ထွက်မြောက်တော်မူသော ကဿပမြတ်စွာဘုရား။
သာကီဝင်မင်းသားဖြစ်တော်မူသော ကြက်သရေရှိတော်မူသော ဂေါတမမြတ်စွာဘုရား။
(ပိုဒ်-၂၇၇ ၊ မြန်-၁၇၈ )
ယက္ခသေနာပတိကြီးတို့၏ အမည်(၁၀)ဦးကို (ပိုဒ်-၂၉၃၊ မြန်-၁၉၃ )ကြည့်လေ။


---

၁၀။ (က) ဒုတိယမီး ၃-မျိုး (ခ) မာန်ယစ်ခြင်း ၃-မျိုး (ဂ) မျက်မှောက်ပြုထိုက်သော(သာမညဖလ) တရား ၄-ပါး (ဃ) ကျေးဇူးကြီးမားသည့် ဗဟူပကာရတရား ၇-ပါး-တို့ကို အသီးသီး ဖော်ပြပါ။

၁၀။ (က)ဒုတိယမီး ၃မျိုး-အမိအဖမီး, အိမ်ရှင်မီး, အလှူခံမီး။ (ပိုဒ်-၃၀၅၊ မြန်-၂၀၂)
(ခ)မာန်ယစ်ခြင်း ၃မျိုး-အနာကင်းခြင်းဖြင့်မာန်ယစ်ခြင်း, အရွယ်နှင့်ပြည်စုံခြင်းဖြင့်မာန်ယစ်ခြင်း, ဇာတ်နှင့်ပြည့်စုံခြင်း ဖြင့်မာန်ယစ်ခြင်း။ (မြန်-၂၀၄)
(ဂ)မျက်မှောက်ပြုထိုက်သော(သာမညဖလ) ၄ပါး-သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်။ (ပိုဒ်-၃၅၄- (ဥ)
(ဃ)ကျေးဇူးကြီးမားသည့် ဗဟူပကာရတရား ၇ပါး-
သဒ္ဓါဥစ္စာ, သီလဥစ္စာ, ဟိရီဥစ္စာ, ဩတ္တပ္ပဥစ္စာ, သုတဥစ္စာ, စာဂဥစ္စာ, ပညာဥစ္စာ။
(ပိုဒ်၃၅၇ (က) ၊ မြန်-၂၆၃ )

---

**ပါထိကဝဂ္ဂပါဠိတော် မြန်မာပြန်**
**မေးခွန်း နှင့် အဖြေများ ပြီးပြီ။**


BREAKTHROUGH
“
အောင်မြင်မှုဟာ
သူ့ကို မအားလပ်လောက်အောင်
ရှာဖွေနေတဲ့သူဆီကိုပဲ
လာနေကျ ဖြစ်တယ်။
Henry David Thoreau